
ဦးစိုးဝင်း
နတ်ပြည်လောက

၁၅၇၄၉

ဘုန်းရှင်ကံရှင်၊ ပါရမီရှင်တို့

စံပျော်ရာဌာန

# နတ်ပြည်လောက

ဓမ္မာစရိယ-ဦးမိုးဝင်း

ဘာသာရေးဆိုင်ရာ စာမူ ကြိုတင် ခွင့်ပြုချက် အမှတ် (၄၈)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် (၄၇)

●

ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ (၃၀၀၀)

●

ထုတ်ဝေခြင်း

၁၉၈၂ ခု၊ မေလ။

တန်ဖိုး ၅ ကျပ်

၅-ကျပ်

●

အဖုံးရိုက် (ဗွီ-ကာလာလေ့စက်)

●

ပုံနှိပ်/ထုတ်ဝေ

ဦးထွန်းရှိန် [၀၂၁၃၈] ဗွီ စာပုံနှိပ်တိုက်၊ အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့က ရိုက်နှိပ်၍ ဦးစိုးဝင်း (၀၂၀၄၀) ရတနာစာပေ၊ ၄၆-ဘီ၊ ဆေးရုံလမ်း၊ ပြည်သာယာ ဘောက်ထော်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

## စာအုပ်ဖြစ်ပေါ်ရခြင်း အကြောင်းရင်း

ဤနှတ်ပြည်လောက စာအုပ် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းမှာ အချိန်ကာလအားဖြင့် ၁၉၆၇-ခုနှစ်က ဖြစ်၏၊ ထိုအချိန်၌ ယခင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာဝင် ဟိန္ဒူအမျိုးသား သန်းပေါင်း ခြောက်ဆယ်တို့အလို့ငှာ ဗုဒ္ဓဘာသာ စာပေများကို ဖတ်ရှုလေ့လာနိုင်ရန်အတွက် စီမံဆောင်ရွက်နေဆဲအချိန် ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ဇာတ်နိမ့်ဟိန္ဒူ သန်းပေါင်း ခြောက်ဆယ်ရှိရာ ထိုသူတို့သည် ဟိန္ဒူဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြသော်လည်း ဗုဒ္ဓဘာသာနှင့် စပ်လျဉ်း၍ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"ဟူသော သရဏဂုံ သုံးပါးကိုသာလျှင် နှုတ်မှ ရွတ်ဆိုတတ်ကြကုန်၏၊ ထို့ထက်ပို၍ ဗုဒ္ဓဘာသာအကြောင်းကို မသိကြချေ။

သို့အတွက် အိန္ဒိယနိုင်ငံ၌ ဥပဒေပါရဂူကြီးဟု ထင်ရှားသော "ဒေါက်တာ အမ်ဗက်ကာ" သည် မိမိ၏ အမျိုးသားများအား ဗုဒ္ဓတရားတော်၌ အထူးသက်ဝင် ကြည်ညိုလာနိုင်ရေးအတွက်

ထိုစဉ်က ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ဖြစ်သူ ဦးနုအား ဗုဒ္ဓဘာသာစာပေများကို ပြုစုပေးပါရန် မေတ္တာရပ်ခံလေသည်။ ဦးနုကလည်း ပြုစုပေးပါမည်ဟု ဝန်ခံခဲ့လေသည်။ သို့သော်လည်း အကြောင်းမညီညွတ်သဖြင့် အကူအညီ မပေးနိုင်ခဲ့ပေ။

သို့နှင့်ပင် ၁၉၆၀-ခုနှစ်သို့ ရောက်လာလေသည်၊ ထိုအခါ၌ ဒေါက်တာ အမ်ပက်ကာသည် မရှိတော့ချေ၊ ကွယ်လွန်သွားလေပြီ၊ သူ၏ အတွင်းရေးမှူးကသာလျှင် ဆက်လက်ဆောင်ရွက်လေသည်။ အကူအညီလည်း ပေးပါရန် ထပ်မံ မေတ္တာရပ်ခံသည်၊ ထို့ကြောင့် ဦးနုသည် ဗုဒ္ဓစာပေ ပြုစုရေးအဖွဲ့တခု ဖွဲ့စည်း၍ ထိုလုပ်ငန်းကို ဆောင်ရွက်လေသည်။ ထိုစဉ်အတွင်း ဤစာရေးသူ အကျွန်ုပ်အား နတ်ပြည်မှ နတ်သား နတ်သမီးတို့၏ အကြောင်းကို ရေးသားရန် ဦးခေါင်းထဲ၌ ထည့်စဉ်းစားထားဟု ပြောလေသည်၊ ကျွန်ုပ်လည်း နတ်သား နတ်သမီးတို့၏ အကြောင်း စာအုပ်ကောင်းတအုပ် ပေါ်လာဦးမှာပဲဟု ယူဆပြီး စဉ်းစားထားပါသည်။

ဤသို့ စဉ်းစားထားပြီးချိန်မှစ၍ နေ့ကို ရက်စား၊ ရက်ကို လစား၊ လကို နှစ်စားခြင်းအားဖြင့် နှစ်များစွာ ကုန်လွန်ခဲ့လေရာ၊ ၁၉၇၀-ခုနှစ်သို့ တိုင်ရောက်လာလေသည်။ ယင်းနှစ် စက်တင်ဘာလ ၆-ရက်နေ့၌ ဦးနုသည် "ပိဋက ဘာသာပြန်စာပေ ဖြန့်ချီရေးအဖွဲ့" ဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လေသည်၊ အဖွဲ့၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသော တရားတော်များကို အင်္ဂလိပ်လို

ပြန်ဆို၍ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသို့ ဖြန့်ချိရန် ဖြစ်လေသည်။

ပိဋကဘာသာပြန်များကို အင်္ဂလိပ်လို ပြန်ဆိုရာ၌ ပါဠိမြန်မာဘက်မှ အထောက်အကူ ပြုနိုင်ရေးအတွက် ဦးနုသည် ဤစာရေးသူ အကျွန်ုပ်အား ခေါ်ယူတွေ့ဆုံလေသည်။ တွေ့ဆုံအပြီးတွင် "နတ်သား နတ်သမီးတို့၏ အကြောင်း ရေးသားရန် စဉ်းစားထားဟု ယခင်က ပြောဆိုခဲ့တာ မှတ်မိရဲ့လား"ဟု မေးပါသည်။ မှတ်မိရုံသာမက "နတ်ပြည်လောက"အမည်ဖြင့် စာအုပ်ငယ်တခု ရေးသားပြီး"စာပေစိစစ်ရေးရုံး"သို့ တင်ထားပါသည်ဟု ပြောပြပါသည်၊ ထိုအခါ ဦးနုလည်း ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားပါသည်။ ဤကား "နတ်ပြည်လောက" စာအုပ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းပေတည်း။

ဓမ္မာစရိယ ဦးစိုးဝင်း

# နိဒါန်း

ဘုရားတဆူ ပွင့်တော်မူလျှင် လူတွေထက် နတ်တွေကကျွတ်တမ်းဝင်သူ များပြားကြောင်း သိရလေသည်။ သိရပုံမှာ ဓမ္မစကြာသုတ်ကို ဟောတော်မူစဉ်က တရားထူးရသူများမှာ လူသားထဲမှ ငါးဦး၊ နတ်ပြဟ္မာတဆယ့်ရှစ်ကုဋေဟု ဆိုသည်။ မင်္ဂလသုတ်ကို ဟောတော်မူစဉ်ကလည်း ရဟန္တာဖြစ်သော နတ်ပြဟ္မာ ကုဋေတသိန်း၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ ဖြစ်သော အရိယာနွယ်များကား မရေမတွက်နိုင်ဟု ဆိုသည်။ မဟာသမယသုတ် ဟောတော်မူစဉ်ကလည်း ရဟန္တာဖြစ်သော နတ်ပြဟ္မာ ကုဋေတသိန်း၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိဖြစ်သော အရိယာနတ်များကား မရေမတွက်နိုင်ဟု ဆိုသည်။ အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူစဉ်ကလည်း ကုဋေရှစ်သောင်းသော နတ်ပြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်ဟူ၍ ဆိုလေသည်။ ထိုထို ဒေသနာတော်များကို ဟောကြားရာ၌လည်း မရေမတွက်နိုင်သော နတ်ပြဟ္မာတို့ အကျွတ်တရားရကြသည်ဟုဆိုသည်။ ဤသို့လျှင် လူတွေထက် နတ်တွေက ကျွတ်တမ်းဝင်သူ ပိုမိုများကြောင်း သိရလေသည်။ ထိုနတ်ပြဟ္မာတို့သည် ဗုဒ္ဓဘာသာဝင် လူသားတို့၏ ဓမ္မရေးရာဖက်မှ ဆွေမျိုးရင်းချာ အရိယာသူတော်ကောင်း နတ်များဖြစ်ကြသည်၊ ပရိတ်ရွတ်ဖတ်ကြသောအခါ ထိုအရိယာနတ်များကို အမိက

ထားပြီး ပင့်ဖိတ်ကြလေသည်။ ထို့ကြောင့် ထိုနတ်ပြဟ္မာတို့၏ အကြောင်းကို သိဖို့ကောင်းသည်၊ လေ့လာဖို့ကောင်းသည်၊ သိလည်းသိထိုက်သည် မဟုတ်ပါလော။

အချို့က နတ်ပြဟ္မာတို့ကို မျက်စေ့ဖြင့် မမြင်ရသောကြောင့် လောက၌ မရှိဟု ဆိုကြသည်။ မိမိတို့နေ့စဉ် ရှူရှိုက်နေရသော တိုက်ခတ်ခံနေရသောလေနှင့်ကြားနေရသော အသံတို့သည် မျက်စေ့ဖြင့် မမြင်ရသော်လည်း ထင်ရှားတည်ရှိနေသကဲ့သို့ ထိုလေဓာတ် အသံဓာတ်တို့ထက် နူးညံ့သိမ်မွေ့သော နတ်ပြဟ္မာတို့၏ ရုပ်ကလာပ်သည် မျက်စေ့ဖြင့် မမြင်ရသော်လည်း ထင်ရှားတည်ရှိနေ၏ဟု ဆိုထိုက်၏။ ဥပမာအားဖြင့် မျက်စေ့ဖြင့် မမြင်ရသော ပိုးမွှားငယ်များကို မှန်ဘီလူးဖြင့် ကြည့်သောအခါ မြင်ရသကဲ့သို့ မျက်စေ့ဖြင့် မမြင်ရသော နတ်ပြဟ္မာတို့၏ ရုပ်ကလာပ်ကိုလည်း အဘိညာဉ် ဉာဏ်ထူးဖြင့် ကြည့်သောအခါ မြင်နိုင်လေသည်။ နတ်ပြဟ္မာတို့သည် လူ့ပြည်သို့လာ၍ တရားနာယူခြင်း၊ ဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့သည် နတ်ပြည် ပြဟ္မာ့ပြည်သို့ သွား၍ တရားဟောတော်မူခြင်း၊ သာသနာပအခါ ဈာန်အဘိညာဉ်ရ ရသေ့တို့သည် နတ်ပြည်သွားခြင်း စသည်တို့ကို ထောက်ထားသောအားဖြင့် နတ်ပြဟ္မာများ ထင်ရှားရှိကြောင်း သိရလေသည်၊ ဘုရားလက်ထက်တော်က အာဠဝီပြည်သား လူအများတို့သည် အာဠဝကဘီလူး၏ ဘုံဗိမာန်ကိုမမြင် မတွေ့ရသော်လည်း ဗုဒ္ဓမြတ်စွာသည် အာဠဝကဘီလူး၏ ဘုံဗိမာန်အတွင်းသို့ ဝင်ရောက်နေထိုင်တော်မူလျက် အာဠဝက ဘီလူးအား အကျွတ်တရား

ရအောင် ဟောချတ်တော်မူကြောင်း ကျမ်းဂန်များ၌ အထင်အရှား ဆိုလေသည်။ ထို့ကြောင့် နတ်ပြဟ္မာများသည် လောက၌ ထင်ရှားရှိကြောင်း ယုံကြည်ဆိုက်ပေသည်။

အချို့ကလည်း နတ်ပြဟ္မာများ မရှိရှိသာမက တမလွန်ဘဝပါ မရှိဟုဆိုပြန်၏။ တမလွန်ဘဝ ဆိုသည်မှာ သေပြီးနောက် ဘဝသစ်ဖြစ်ခြင်းကို ဆိုသည်။ ပရမတ်အားဖြင့် ရုပ်နာမ်တရားတို့၏ ကြောင်းကျိုးဆက်ဆက် အဟောင်း ပျက်လျက် အသစ်ဖြစ်ပေါ်ခြင်းကိုဆို၏။ တမလွန်ဘဝရှိ မရှိကို သိလိုပါမူ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ်နိုင်ပါက ထိုပြဿနာ ပြေလည်လိမ့်မည်ဟု ယုံကြည်၏၊ ဇာတိဿရဉာဏ်ရ၍ အတိတ်ဘဝအကြောင်းကို ပြန်ပြောင်း ပြောဆိုနိုင်သော လူဝင်စားများ၏ အကြောင်းအရာကို ထောက်ရှုဆင်ခြင်လေ့လာပါကလည်း တမလွန်ဘဝပြဿနာ ပြေလည်ရေးအတွက် အထောက်အကူ ရရှိလိမ့်မည်ဟု ယူဆ၏။ သို့အတွက် ကုသိုလ်ကံအဟုန်မြင့်မားလှသဖြင့် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ နေထိုင်ကြသော နတ်ပြဟ္မာတို့၏အကြောင်းကို သိဖို့ကောင်းရကား ရှေးဦးစွာ နတ်ပြည်ခြောက်ထပ်၌ နေထိုင်သော နတ်သား နတ်သမီးတို့၏အကြောင်း သိကောင်းစရာများကို ဘုရားဟောပါဠိတော် အဋ္ဌကထာ ဋီကာ စသော ကျမ်းဂန်များမှ ထုတ်နုတ်စီစဉ် ရေးသားအပ်ပါသတည်း။

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပဏာမ | .... | ၁ |
| ၂။ | နတ်သုံးမျိုး | .... | ၂ |
| ၃။ | နတ်ပြည်ခြောက်ထပ် | — | ၂ |
| ၄။ | နတ်မင်းကြီးများ | .... | ၃ |
| ၅။ | နတ်တို့၏ အသက်တမ်း | .... | ၄ |
| ၆။ | နတ်ပြည်ခြောက်ထပ်တည်ပုံ | — | ၅ |
| ၇။ | စာတုမဟာရာဇ်နတ်ပြည် | — | ၆ |
| ၈။ | ဓရဏီရေကန်ကြီး | .... | ၆ |
| ၉။ | စာတုမဟာရာဇ် နတ်မင်းကြီးလေးပါး | .... | ၇ |
| ၁၀။ | စာတုမဟာရာဇ်စာရင်းဝင်နတ်များ | — | ၉ |
| ၁၁။ | အောက်နတ်က အထက်နတ်ကို မမြင်ရ | .... | ၁၀ |
| ၁၂။ | တာဝတိံသာနတ်ပြည် | .... | ၁၀ |
| ၁၃။ | ဝေဇယန္တာပြာသာဒ် | — | ၁၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၄။ | ပင်သယ်ကာသစ်ပင် | .... | ၁၂ |
| ၁၅။ | ကြွှာကမ္ဗလာ ကျောက်ဖျာ | .... | ၁၃ |
| ၁၆။ | သုဓမ္မာနတ်သဘင် | .... | ၁၃ |
| ၁၇။ | ဧရာဝဏ်ဆင်ပြောင်ကြီး | .... | ၁၅ |
| ၁၈။ | ဥယျာဉ်ရေကန်ကြီးများ | .... | ၁၆ |
| ၁၉။ | စူဠာမဏိစေတီတော် | .... | ၁၈ |
| ၂၀။ | အသုရာနတ်ပြည် | .... | ၁၈ |
| ၂၁။ | ဘာဝတိံသာနှင့် အသုရာနတ်တို့ စစ်တိုက်ပုံ | .... | ၂၀ |
| ၂၂။ | အာလိန်ငါးဆင့် အစောင့်များ | .... | ၂၀ |
| ၂၃။ | သမ္ဗရအသုရိန်နှင့် ရသေ့များ ဝတ္ထု | .... | ၂၁ |
| ၂၄။ | ယာမာစသော နတ်ပြည်များ | .... | ၂၂ |
| ၂၅။ | နတ်မိသားစုဖြစ်ပုံ | .... | ၂၂ |
| ၂၆။ | နတ်များ လှပသန့်ရှင်းပုံ | .... | ၂၃ |
| ၂၇။ | နတ်တို့၏ ကာမဂုဏ်ချမ်းသာ | .... | ၂၃ |
| ၂၈။ | နတ်လူမှု ဆုံးဖြတ်ပုံ | .... | ၂၄ |
| ၂၉။ | မနာပကာယိကာ နတ်သမီးများ | .... | ၂၄ |
| ၃၀။ | ဘုံစဉ်စံ၍ နိဗ္ဗာန်ဝင်မည့်သူ (၇)ဦး | .... | ၂၄ |
| ၃၁။ | နတ်တို့၏ တန်ခိုးအာနုဘော် | .... | ၂၄ |
| ၃၂။ | သရဏဂုံ တည်သော နတ်များ | .... | ၂၅ |
| ၃၃။ | ရှေးဘဝကို နတ်များသိ--မသိ | .... | ၂၅ |
| ၃၄။ | တိတ္ထိများလည်း နတ်ပြည်ရောက် | .... | ၂၅ |
| ၃၅။ | လူ့ပြည်လာလျှင် ပြုပြင်လာကြ | .... | ၂၆ |

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃၆။ | ဘုရားအလောင်း နတ်သားများ | .... | ၂၆ |
| ၃၇။ | ဘုရားကို နှောင့်ယှက်သော မာရ်နတ် | .... | ၂၆ |
| ၃၈။ | နတ်တို့သေခြင်း နိမိတ်ငါးပါး | .... | ၂၆ |
| ၃၉။ | နတ်တို့စုတေခြင်း လေးမျိုး | .... | ၂၈ |
| ၄၀။ | ဆက်တမ်းစေ့ မနေရသောနတ်များ | .... | ၂၈ |
| ၄၁။ | ဒေါသကြီး၍ သေကြရပုံ | .... | ၂၉ |
| ၄၂။ | ကောလာဟလငါးပါး | .... | ၃၀ |
| ၄၃။ | လူ့ပြည်ဆင်း၍ ကောင်းမှုရှင်စာရင်းကောက်ပုံ | | ၃၀ |
| ၄၄။ | ကုဝေရ နတ်မင်းကြီးဝတ္ထု | .... | ၃၂ |
| ၄၅။ | ဇနဝသဘ နတ်သားဝတ္ထု | .... | ၃၄ |
| ၄၆။ | လတာ နတ်သမီးဝတ္ထု | .... | ၃၄ |
| ၄၇။ | တာဝတိံသာပြန် အမျိုးသမီးဝတ္ထု | .... | ၃၆ |
| ၄၈။ | သုပြဟ္မာနတ်သားဝတ္ထု | .... | ၃၈ |
| ၄၉။ | သုပြဟ္မာနတ်သားအား ဟောသောဂါထာ | .... | ၄၀ |
| ၅၀။ | အင်္ကုရနှင့် ဣန္ဒက နတ်သားဝတ္ထု | .... | ၄၀ |
| ၅၁။ | ပဉ္စသိခ နတ်သားဝတ္ထု | .... | ၄၂ |
| ၅၂။ | ဗေလုဝ နတ်စောင်း | .... | ၄၃ |
| ၅၃။ | သိကြားမင်းဝတ္ထု | .... | ၄၄ |
| ၅၄။ | သိကြားဖြစ်ကြောင်း ကျင့်ဝတ်(၇)ပါး | .... | ၄၈ |
| ၅၅။ | အနေကဝဏ္ဏ နတ်သားဝတ္ထု | .... | ၄၉ |
| ၅၆။ | ရာဟုအသုရိန်နှင့် ဘုရားရှင်ဝတ္ထု | | ၄၉ |
| ၅၇။ | ရာဟုအသုရိန်နှင့် လ နေနတ်သားများဝတ္ထု | .... | ၅၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | အခြားသိကောင်းစရာများ .... | ၃၄ |
| ၃၉။ | နတ်ပြည်ရောက် လူသားလေးဦး .... | ၃၆ |
| ၄၀။ | ဒေဝတာနုဿတိ .... | ၃၇ |
| ၄၁။ | နတ်ပြည်ရောက်မည့် ကောင်းမှုရှင်များ .... | ၃၇ |
| ၄၂။ | နတ်ပြည်ရောက်ကြောင်းတရားသုံးပါး .... | ၃၇ |
| ၄၃။ | နတ်ပြည်ရောက်ကြောင်း ကျင့်ဝတ် .... | ၃၈ |
| ၄၄။ | နတ်ပြည်ရောက်ကြောင်း အကျင့်သီလများ .... | ၃၉ |
| ၄၅။ | မင်္ဂလသုတ် ကဗျာ .... | ၄၂ |
| ၄၆။ | နိဂုံး — | ၄၇ |



# နတ်ပြည်လောက

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဏာမ

## ဗုဒ္ဓေါ ဓမ္မော သံဃော ပါတု။

ဗုဒ္ဓေါ၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် ဘုရားရှင်သည်လည်းကောင်း။

ဓမ္မော၊ သုဂတိ နိဗ္ဗာန် ဧကန်ရောက်အောင် ဆောင်တော်မူတတ် တရားမြတ်သည်လည်းကောင်း။

သံဃော၊ တထောင့်ငါးရာ ကိလေသာကို ကောင်းစွာ သတ်တတ် တရားမြတ်သည်လည်းကောင်း။

မံ၊ အကျွန်ုပ်ကို။ ပါတု၊ အန္တရာယ်မရောက် ကျုမ်းပြီး မြောက်အောင် စောင့်ရှောက်တော်မူပါစေသတည်း။

## ဟောတု မေ ဇယမင်္ဂလံ။

မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ နှောင့်ယှက် ရန်ကင်း အောင်မြင်ခြင်း မင်္ဂလာသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

## နတ်သုံးမျိုး

လောကကြီး ကိုးကွယ်ရာ မှီခိုရာ အားထားရာပုဂ္ဂိုလ်ကို(ဒေဝ) နတ်ဟု ခေါ်သည်။ ထိုနတ်သည်—

၁။ သမ္မုတိနတ်၊
၂။ ဥပပတ္တိနတ်၊
၃။ ဝိသုဒ္ဓိနတ်-ဟူ၍ သုံးမျိုးရှိ၏။

သမ္မုတိနတ်ဆိုသည်မှာ-တိုင်းပြည် အုပ်စိုးသောမင်း မိဖုရားတို့ကို ဆိုလိုသည်။

ဥပပတ္တိနတ် (ဥပပတ်နတ်) ဆိုသည်မှာ- စာတုမဟာရာဇ် တာဝတိံသာ-မှစ၍ ဘဝဂ်တိုင်အောင် နေထိုင်သော နတ်တို့ကို ဆိုလိုသည်။

ဝိသုဒ္ဓိနတ် ဆိုသည်မှာ-ကိလေသာမှ ဝေးကွာတော်မူသော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ကို ဆိုသည်။

ထိုနတ်သုံးမျိုးတွင် ဥပပတ္တိနတ်သည် ကာမဘုံ၌ နေသော နတ်၊ ရူပဘုံ၌နေသောနတ်၊ အရူပဘုံ၌နေသောနတ် ဟူ၍ သုံးမျိုး ရှိရာ ရူပဘုံ၌နေသော နတ်တို့ကို ဗြဟ္မာဟု သီးခြားခေါ်၍ ကာမဘုံ၌နေသောနတ်တို့ကို နတ် ဟူ၍ ခေါ်ဆိုသည်။

## နတ်ပြည်ခြောက်ထပ်

၁။ စာတုမဟာရာဇ်၊
၂။ တာဝတိံသာ၊
၃။ ယာမာ၊
၄။ တုသိတာ၊

၃။ နိမ္မာနရတိ၊
၆။ ပရနိမ္မိတဝသဝတ္တီ—
ဟူ၍ နတ်ပြည်ခြောက်ထပ်ရှိ၏။

နတ်ပြည်တထပ်နှင့်တထပ် အကြားမှာ ယူဇနာလေးသောင်း နှစ်ထောင်စီ ကွာဝေး၏။

## နတ်မင်းကြီးများ

နတ်ပြည်ခြောက်ထပ်၌ အုပ်စိုးကြသော နတ်မင်းကြီးများမှာ စာတုမဟာရာဇ် နတ်ပြည်၌ "ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ" နတ်မင်းကြီးလေးပါး ဖြစ်၏။

ကုဝေရနတ်မင်းကြီးကို ဝေဿဝဏ်နတ်မင်းကြီး ဟူ၍လည်း ခေါ်၏။

တာဝတိံသာနတ်ပြည်၌ — သိကြားမင်း၊
ယာမာနတ်ပြည်၌ — သုယာမနတ်မင်း၊
တုသိတာနတ်ပြည်၌ — သန္တုသိတနတ်မင်း၊
နိမ္မာနရတိနတ်ပြည်၌ — သုနိမ္မိတနတ်မင်း၊

ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ ဝသဝတ္တီနတ်မင်းတို့ အုပ်စိုးကြလေသည်။

ဤ စကြဝဠာ တိုက်နည်းတူ အခြားစကြဝဠာ တို့၌လည်း နတ်ပြည်ခြောက်ထပ်နှင့်တကွ စာတုမဟာရာဇ်နတ်မင်းကြီးလေးပါး၊ သိကြားမင်း၊ သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း၊ သုနိမ္မိတနတ်မင်း၊ ဝသဝတ္တီနတ်မင်းတို့ ဟူ၍ အသီးသီး ရှိကြလေသည်။

## နတ်တို့၏ အသက်တမ်း

၁။ စာတုမဟာရာဇ်နတ်သက်-၅၀၀၊ လူတို့အရေအတွက်-အနှစ်ကိုးသန်း။

၂။ တာဝတိံသာနတ်သက်-၁၀၀၀၊ လူတို့အရေအတွက်-အနှစ်သုံးကုဋေခြောက်သန်း။

၃။ ယာမာနတ်သက်-၂၀၀၀၊ လူတို့အရေအတွက်-နှစ်ပေါင်း တဆဲ့လေးကုဋေလေးသန်း။

၄။ တုသိတာနတ်သက်-၄၀၀၀၊ လူတို့အရေအတွက်-နှစ်ပေါင်း ငါးဆယ့်ခုနစ်ကုဋေခြောက်သန်း။

၅။ နိမ္မာနရတိနတ်သက်-၈၀၀၀၊ လူ့တွက်ကိန်း အသက်-နှစ်ပေါင်း နှစ်ရာသုံးဆယ့်ခုနစ်ကုဋေ-လေးသန်း။

၆။ ပရနိမ္မိတဝသဝတ္တီ-နတ်သက်-၁၆၀၀၀၊ လူ့တွက်ကိန်းအသက်-နှစ်ပေါင်း ကိုးရာနှစ်ဆဲ့တစ်ကုဋေခြောက်သန်းကြာ၏။

လူတို့ အနှစ်ငါးဆယ်သည် စာတုမဟာရာဇ်နတ်သက်-တရက်ဖြစ်သည်။ ရက်ပေါင်းသုံးဆယ်-တလ၊ ၁၂-လ-တနှစ်ဖြစ်ရကား လူ့အရေအတွက်-အနှစ်ကိုးသန်း ဖြစ်လေသည်။

လူတို့အနှစ်တရာ တာဝတိံသာနတ်သက်-တရက်။

လူတို့အနှစ်နှစ်ရာ ယာမာနတ်သက် တရက်။

လူတို့အနှစ် လေးရာ-တုသိတာနတ်သက် တရက်။

လူတို့အနှစ် ရှစ်ရာ-နိမ္မာနရတိနတ်သက်-တရက်။

လူတို့အနှစ် တထောင့်ခြောက်ရာ-ပရနိမ္မိတဝသဝတ္တီနတ်သက် တရက် ဖြစ်လေသည်။

## နတ်ပြည်ခြောက်ထပ်မည်ပုံ

၁။ **စာတုမဟာရာဇ်**။ ။စာတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့၏ နေထိုင်ရာ ဘုံဖြစ်သောကြောင့် စာတုမဟာရာဇ်ဘုံဟု ခေါ်သည်။

၂။ **တာဝတိံသာ**။ ။မာဃလုလင်နှင့် ကောင်းမှုပြုဘက် သုံးကျိပ် သုံးယောက်သော အမျိုးသားတို့ဖြစ်ရာ ဘုံဖြစ်သောကြောင့် တာဝတိံသာဟု ဆိုသည်။ သို့ရာတွင် မာဃလုလင်တို့ မရောက်မီက တာဝတိံသာဟူသော အမည်ရှိပုံရသည့်အပြင် အခြားစကြဝဠာတို့၌လည်း စာတုမဟာရာဇ်၊ တာဝတိံသာဟူသော နာမည်များ ရှိကြသောကြောင့် ဤတာဝတိံသာဟူသော အမည်သည် ဒုတိယ နတ်ပြည်အတွက် ရှေးရှေးကပင် တွင်လာသော အဟောင်ရှင်ဦး နာမည်သာဖြစ်သည်ဟုလည်း ဆိုကြ၏။

၃။ **ယာမာ**။ ။ဆင်းရဲကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံသော နတ်တို့၏ နေရာဘုံဖြစ်သောကြောင့် ယာမာဘုံဟု ခေါ်သည်။

၄။ **တုသိတာ**။ ။နှစ်သက်ရွှင်လန်းသော နတ်တို့၏နေရာဘုံဖြစ်သောကြောင့် တုသိတာဘုံဟု ခေါ်သည်။

၅။ **နိမ္မာနရတိ**။ ။လက်ရှိအာရုံ ကာမဂုဏ်စည်းစိမ်ထက် အပိုအလွန် အာရုံကို ခံစားလိုသောအခါ စိတ်တိုင်းကျ ကိုယ်တိုင်ဖန်ဆင်း၍ မွေ့လျော်သော နတ်တို့၏

နေရာဘုံ ဖြစ်သောကြောင့် နိမ္မာနရတိဘုံဟု ခေါ်သည်။

။၆။ **ပရနိမ္မိတဝသဝတ္တီ။** ။ပင်ကို ရှိပြီးသော စည်းစိမ်ထက် အပိုအလွန် အာရုံကို ခံစားလိုသောအခါ ကိုယ်တိုင် မဖန်ဆင်းပဲ အစေအပါး နတ်များက အလိုက်သိစွာ စိတ်တိုင်းကျအောင် ဖန်ဆင်းပေးသော အာရုံ ကာမဂုဏ်တို့၌ မိမိအလိုသို့ လိုက်ပါစေသော နတ်တို့၏ နေရာဘုံဖြစ်သောကြောင့် ပရနိမ္မိတဝသဝတ္တီဘုံဟု ခေါ်သည်။

## စာတုမဟာရာဇ်နတ်ပြည်

စာတုမဟာရာဇ်နတ်ပြည်သည် မြင်းမိုရ်တောင် အလယ်လောက်၌ ရှိ၍ ဘုံဗိမာန်တို့သည် မြေနှင့်ဆက်သွယ်၍ တည်ကုန်၏၊ ပတ်ဝန်းကျင်၌လည်း စကြဝဠာတံတိုင်း ရောက်အောင် ကောင်းကင်ပြင်၌ နတ်ဘုံနတ်နန်း ဘုံဗိမာန်တို့သည် တည်ရှိကုန်၏။ မြင်းမိုရ်တောင်၏ မြောက် မျက်နှာအရပ်၌ အာဠာနာဠမြို့၊ ကုသိနာဠမြို့ အစရှိသော မြို့တော်ကြီးများလည်း ကောင်းကင်ပြင်၌ တည်ရှိကုန်၏။ အာဠကမန္ဒာမြို့နှင့် ဝိသာဏာမြို့ကား မင်းနေပြည်တော်များ ဖြစ်၏။

## ဓရဏီရေကန်ကြီး

အာဠာနာဠမြို့တော်၌ ဓရဏီမည်သော ရေကန်ကြီးရှိ၏။ ယူဇနာငါးဆယ်ရှိသော လေးထောင့် ကန်ကြီးဖြစ်၏။ ထိုရေကန်မှ ရေကိုယူ၍ မိုးရွာလတ်သော် ရေကန်တွင်းမှ မိုးရေ

ဟောင်းတို့သည် လျှံထွက်စီးဆင်းကုန်၏။ ရေကန်အနီး၌ သာလဝတီမည်သော ရတနာမဏ္ဍပ်ရှိ၏။ တဆယ့်နှစ်ယူဇနာရှိ၏။ ဘီလူးတို့ စည်းဝေးတိုင်ပင်ကြကုန်၏။ ရတနာမဏ္ဍပ်ကို ခြံရံ၍ သရက်၊ ပိန္နဲ၊ သပြေစသော သီးပင်တို့သည် လည်းကောင်း၊ စကား၊ စံပယ်၊ ယူဇနစသော ပန်းတို့သည် လည်းကောင်း အမြဲတမ်း သီးပွင့်ကြကုန်၏။

ထိုရေကန်ကြီး၌ ငှက်မျိုးစုံ ပျံသန်းလှည့်လည် ကျက်စားကြကုန်၏။ အသံသာသော ဥဒေါင်း၊ ကြိုးကြာ၊ ဥသြငှက်စသည်တို့ကလည်း မြည်တွန် ကြွေးကြော်ကြကုန်၏။ ကျေးငှက်သာလိကာ စသည်တို့၏ မြည်သံ ကျူးရင့် သံ များလည်း ရှိကုန်၏။

ဇီဝဇီဝ (အသက်ရှည်ပါစေ၊ အသက်ရှည်ပါစေ)ဟု မြည်တမ်းသော ဇီဝဇိုးငှက်တို့သည် လည်းကောင်း၊ ဥဒ္ဒေဟိ စိတ္တ၊ ဥဒ္ဒေဟိ စိတ္တ (စိတ္တ၊ ထလော့ စိတ္တ ထလော့)ဟု မြည်သော ငှက်တို့သည်လည်းကောင်း၊ တောကြက် ရွှေပုစွန်လုံးတို့သည် လည်းကောင်း၊ လူ၏မျက်နှာကဲ့သို့ မျက်နှာရှိသော တုတ်ထောက်ငှက်တို့သည် လည်းကောင်း ရှိကုန်၏။ ဤသို့လျှင် ကုဝေရနတ်မင်းကြီး၏ ကြာပဒုမ္မာအိုင်ဖြစ်သော ဓရဏီရေကန်ကြီးသည် အာဋါနပ်သိမ်း တင့်တယ်လေ၏။

### စာတုမဟာရာဇ် ''နတ်မင်းကြီးလေးပါး''

ဓတရဋ္ဌ နတ်မင်းကြီးသည် ငွေရောင်တောက်ပသော မြင်းမိုရ်တောင်၏ အလယ် အရှေ့ဘက်နံပါး၌ တည်နေလျက် ဂန္ဓဗ္ဗနတ်တို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏။ အရပ်လေးမျက်နှာ၌

နေကုန်သော ဂန္ဓဗ္ဗနတ်တို့၏ အရှင်ဖြစ်၏။ များသော အခြံအရံ ရှိ၏။ ဂန္ဓဗ္ဗနတ်တို့ခြံရံလျက် ကခုန် သီဆိုပွဲတို့ဖြင့် မွေ့လျော် ၏။

ဝိရူဠှက နတ်မင်းကြီးသည် မြရောင်တောက်ပသော မြင်းမိုရ် တောင်၏အလယ် တောင်ဘက်နံပါး၌ တည်နေလျက် ကုမ္ဘဏ် နတ်တို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏။ အရပ် လေးမျက်နှာ၌ နေသော ကုမ္ဘဏ် နတ်တို့၏ အရှင်ဖြစ်၏။ များသော အခြံအရံ ရှိ၏။ ကုမ္ဘဏ်နတ်တို့ ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော် ၏။

ဝိရူပက္ခ နတ်မင်းကြီးသည် ဖန်ရောင်တောက်ပသော မြင်းမိုရ် တောင်၏အလယ် အနောက်ဘက်နံပါး၌ တည်နေလျက် နဂါး တို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏။ အရပ် လေးမျက်နှာ၌ နေသော နတ်နဂါးတို့၏ အရှင်ဖြစ်၏။ များသောအခြံအရံရှိ၏။ နတ်နဂါးတို့ ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ကုဝေရနတ်မင်းကြီးသည် ရွှေရောင်တောက်ပသော မြင်းမိုရ် တောင်၏အလယ် မြောက်ဘက်နံပါး၌ တည်နေလျက် နတ် ဘီလူးတို့ကို အုပ်ချုပ်၍ မင်းလုပ်လေ၏။ အရပ်လေးမျက်နှာ၌ နေသော နတ်ဘီလူးတို့၏ အရှင်ဖြစ်၏။ များသော အခြံအရံ ရှိ၏။ နတ်ဘီလူးတို့ ခြံရံလျက် ကခုန်သီဆိုပွဲတို့ဖြင့် မွေ့လျော်၏။

ထိုနတ်မင်းကြီး လေးယောက် တို့၌ သားတော် ကိုးကျိပ် တယောက်စီ ရှိကုန်၏။ ထို သားတော်တို့၏ အမည်ကိုလည်း အခြားမရှာမူ၍ သိကြားမင်း၏ အမည်ကို ယူပြီးလျှင် ဣန္ဒ အမည်ချည်း မှည့်ကုန်၏။

## စာတုမဟာရာဇ် စာရင်းဝင်နတ်များ

မြင်းမိုရ်တောင်အလယ်မှ အောက်တလျှောက် လူ့ပြည်လူ့ရပ်၌ နေထိုင်ကြသော ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်၊ နတ်ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခိုသ်၊ ဥစ္စာစောင့်၊ ဂန္ဓဗ္ဗနတ်၊ ယမမင်း၊ ဝေမာနိကပြိတ္တာ၊ မြေဘုတ်ဘီလူးဟု ခေါ်သော ဝိနိပါတိကအသုရာစသော နတ်အားလုံးတို့သည် စာတုမဟာရာဇ် နတ်မင်းကြီးတို့၏ လက်အောက်ခံဖြစ်၍ စာတုမဟာရာဇ်ဘုံ၌ စာရင်းဝင်သော နတ်တို့ဖြစ်ကုန်၏။ လူ့ပြည်၌ ဖြစ်ကြသော စာတုမဟာရာဇ်နတ်မျိုးတို့ပေတည်း။

ထိုနတ်တို့သည် များသောအားဖြင့် ရက်စက်ကုန်၏၊ ကြမ်းကြုတ်ကုန်၏။ အချင်းချင်းကို လည်းကောင်း၊ လူတို့ကို လည်းကောင်း နှိပ်စက်ညှဉ်းဆဲကြကုန်၏။ ထိုသို့ နှိပ်စက်ညှဉ်းဆဲခြင်း မလုပ်နိုင်အောင် နတ်မင်းကြီး လေးပါးတို့သည် အဆင့်ဆင့် အုပ်ချုပ်သော နတ်များကိုလည်း ခန့်ထားကုန်၏၊ စစ်ဗိုလ်ချုပ်နတ်၊ အကြပ်ဖြစ်သော နတ်တို့ကိုလည်း ခန့်ထားကြကုန်၏။ ထို့မှတပါး ဘုရား သာသနာတော် အတွင်းရှိ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ လူယောကျ်ား၊ လူမိန်းမတို့အား မညှဉ်းဆဲကြစေခြင်းငှာ၊ စောင့်ရှောက်ခြင်းငှာ အာဋာနာဋိယသုတ် ပရိတ်တော် အရံအတားကို လက်ခံတော်မူပါဟု မြတ်စွာဘုရားအား လျှောက်ထား ပြောဆိုကြကုန်သေး၏။

မြင်းမိုရ်တောင်ခြေ သမုဒ္ဒရာအတွင်း၌ နေကြကုန်သော နဂါးငွေ့ရှင်တို့သည် နတ်တို့၏ တန်ခိုးစည်းစိမ်ကို ရသော်လည်း တိရစ္ဆာန်ဘုံသားတို့သာလျှင် ဖြစ်ကုန်၏။

## အောက်နတ်က အထက်နတ်တို့ကို မမြင်ရ

အောက်အောက် နတ်တို့သည် အထက်အထက် နတ်တို့ကို မမြင်ရ၊ အထက်နတ်တို့ကသာ အောက်နတ်တို့ကို မြင်ရသည်။ အထက်နတ်တို့က ရုန့်ရင်းသော ကိုယ်ကိုဖန်ဆင်းပြမှ အောက်နတ်တို့က မြင်ရပေသည်။ လူ၊ အိမ်စောင့်နတ်၊ နတ်မင်းကြီး၊ ဤသုံးဦးတို့သည် တပြင်တည်း လူ့ပြည်၌ နေကြသော်လည်း လူသည် အိမ်စောင့်နတ်နှင့် နတ်မင်းကြီးတို့ကို မမြင်ရ။ အိမ်စောင့်နတ်သည် လူကိုသာ မြင်ရ၏၊ နတ်မင်းကြီးကို မမြင်ရ။ နတ်မင်းကြီးကား--အိမ်စောင့်နတ်နှင့် လူကိုမြင်ရ၏။ တာဝတိံသာနတ်ပြည်မှ သင်္ကာသနဂိုရ်ပြည်သို့ မြတ်စွာဘုရားသခင် ဆင်းသက်တော်မူသောအခါ လူ နတ် ဗြဟ္မာ အားလုံးတို့သည် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် တဦးကိုတဦး မြင်ကြကုန်၏ဟု ဆို၏။

## တာဝတိံသာနတ်ပြည်

တာဝတိံသာ နတ်ပြည်သည် မြင်းမိုရ် တောင်ထိပ်ဖျာင် ယူဇနာ တသောင်းကျယ်သော အရပ်၌ တည်ရှိ၍ ဘုံဗိမာန်တို့သည် မြေနှင့်ဆက်သွယ်၍ တည်၏။ ထက်ဝန်းကျင်၌လည်း စကြဝဠာ တံတိုင်းရောက်အောင် ကောင်းကင်ပြင်၌ နတ်ဘုံ နတ်နန်း ဘုံဗိမာန်တို့သည် တည်ရှိကုန်၏။

တာဝတိံသာနတ်ပြည် ရွှေမြေအပြင်၌ သိကြားမင်းစံရာ မဟာသုဒဿနမြို့၏ အကျယ်အဝန်းကား အရှေ့ တံခါးနှင့် အနောက်တံခါးတို့၏ အကြားသည် ဂါဝုတ်ပေါင်း တစ်သောင်း၊ တောင်တံခါးနှင့် မြောက်တံခါးတို့၏ အကြားသည် လည်းကောင်း ယူဇနာ တသောင်းစီ ရှိ၏၊ မြို့၏ တမျက်နှာ တမျက်နှာလျှင် တံခါးပေါင်း နှစ်ရာငါးဆယ်စီ ရှိသောကြောင့် တံခါးပေါင်း တထောင်ရှိ၏၊ ဥယျာဉ်များ ရေကန်များဖြင့် တန်ဆာဆင် ထား၏။

## ဝေဇယန္တာပြာသာဒ်

တာဝတိံသာ နတ်ပြည်အလယ်၌ ယူဇနာ သုံးရာမြင့်သော တံခွန်တို့ဖြင့် တန်ဆာဆင်ထားသော ယူဇနာ ခုနစ်ရာ မြင့်သော ဝေဇယန္တာ ဘုံနန်းပြာသာဒ် ရှိလေ၏၊ ရွှေတံခွန်တိုင်တို့၌ ပတ္တမြား တံခွန်ရွက်တို့သည် လည်းကောင်း၊ ပတ္တမြား တံခွန်တိုင်တို့၌ ရွှေတံခွန်ရွက်တို့သည် လည်းကောင်း၊ သန္တာ တံခွန်တိုင်တို့၌ ပုလဲတံခွန်ရွက်တို့သည် လည်းကောင်း၊ ပုလဲ တံခွန်တိုင်တို့၌ သန္တာတံခွန်ရွက်တို့သည် လည်းကောင်း၊ ရတနာ ခုနစ်ပါး တံခွန်တိုင်တို့၌ ရတနာခုနစ်ပါး တံခွန်ရွက်တို့သည် လည်းကောင်း ရှိကြကုန်၏၊ ထို တံခွန်တိုင်တို့၏ အလယ်၌ စိုက်ထူထားသော တံခွန်သည် ယူဇနာသုံးရာ မြင့်၏။ ဤသို့လျှင် ယူဇနာတထောင် အမြင့်ဆောင်သော ဝေဇယန္တာ ဘုံနန်း ပြာသာဒ်ကြီးသည် ရတနာ ခုနစ်ပါးတို့ဖြင့် တပြောင်ပြောင် တောက်ပလျက် ရှိလေ၏။

## ပင်လယ်ကသစ်ပင်

သုဒဿနမြို့၏ အရှေ့မြောက် ပုဏ္ဍရိက ဥယျာဉ်တော်၌ ပင်လယ်ကသစ်ပင်သည် အစောက် ယူဇနာ တရာ့ငါးဆယ်ရှိ၏၊ ပင်စည်လုံးပတ် တဆယ့်ငါးယူဇနာရှိ၏။ ထက်ဝန်းကျင် ယူဇနာ သုံးထောရှိ၏။ ထက်ဝန်းကျင်မှ အပူကို ဖုံးလွှမ်း၏။ ကသစ်ပန်း ပွင့်သောအခါ နတ်တို့သည် လာရောက် စောင့်ရှောက်ကုန်၏၊ ပင်လုံးကျွတ် ပွင့်သည့်ရှိသော် ကသစ်ပင်၏ အလင်းရောင်သည် ယူဇနာငါးဆယ်တိုင်အောင် ပျံ့နှံ၏။ ပန်းရနံ့မှာ လေအောက်သို့ ယူဇနာတရာတိုင်အောင် သင်းပျံ၏။

ကသစ်ပန်းခူးလိုသော် အပင်ပေါ်တက်ရောက်ပြီး ခူးစရာ မလို၊ ချွန်းဖြင့် အကိုင်းအခက်တို့ကို ညွှတ်စေရန်လည်း မလို၊ ပန်းများကို ပန်းတောင်းဖြင့် ခံယူရန်လည်း မလို။ပန်းခူးသော လေသည် အပင်ပေါ် တက်ပြီးလျှင် ပန်းများကို ချွေချ၏၊ ကြွေကျသော ပန်းတို့ကို ခံယူသောလေက ပန်းဘောင်းအလား ခံယူထား၏။ အနီးရှိ သုဓမ္မာ နတ်သဘင်သို့ ပန်းများကို ယူဆောင်သွင်းသော လေက ယူသွင်း၏။ တံမြက်လှည်းသော လေက ပန်းဟောင်းတို့ကို လှည်းထုတ်၏။ ပန်းခင်းသော လေက အရွက်အချက်ဝတ်ဆံတို့ကို နေရာမလပ် စေ့စပ်အောင် ခင်းကျင်း၏။

ပန်းဝတ်ဆံ ဝတ်မှုန်များကား သုဓမ္မာဇရပ်၏ အထွတ် အချက်တိုင်အောင် တက်လေ၏။ ပြန်ကျလာသောအခါ သုဓမ္မာ နတ်သဘင်၌ စည်းဝေးကြကုန်သော နတ်တို့၏ ခန္ဓာကိုယ်ပေါ် သို့ ကျရောက်လေရကား သုဓမ္မာ နတ်သဘင် တခုလုံးသည်

ချိတ်ရည်ဖြင့် သွန်းလောင်းသကဲ့သို့ ရဲရဲတောက် နီမြန်းသွား လေ၏။ ဤသို့လျှင် တာဝတိံသာနတ်တို့သည် လေးလပတ်လုံး ပင်လယ်ကသစ်ပန်းဖြင့် ကစားခြင်းကို ခံစားကြလေကုန်၏။

## ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ

ပင်လယ် ကသစ်ပင်ကြီး၏ အောက်၌ အလျား ယူဇနာ ခြောက်ဆယ်၊ အနံ ယူဇနာငါးဆယ်၊ အစောက် ယူဇနာ တဆယ့်ငါးယူဇနာရှိသော ကမ္ဗလာနီ အဆင်းကဲ့သို့ နီမြန်းသော အဆင်းရှိသော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးလည်း ရှိ၏။ အလွန်နူးညံ့သောကြောင့် ထိုကျောက်ဖျာ၌ သိကြားမင်း ထိုင်သောအခါ ကိုယ်တဝက် နစ်မြုပ်၍ သွား၏။ မတ်တပ်ရပ်သော အခါ ပုဆစ်ဒူးဝန်းတိုင်အောင် ကျံနစ်၍ တဖန်ပြည့်သွား၏။

## သုဓမ္မာနတ်သဘင်

သုဒဿန မြို့တော်၏ အရှေ့မြောက် ပင်လယ်ကသစ်ပင် အနီး၌ရှိသော သုဓမ္မာ နတ်သဘင်တည်ရာမြေသည် ဖန်ဖြစ်၏။ သံမှိုမယ်နတ်ကို ပတ္တမြားဖြင့် ပြုလုပ်ကုန်၏။ တိုင်တို့ကို ရွှေဖြင့် ပြုလုပ်ကုန်၏။ တိုင်၌လားသော ကြာသွတ်အိုးတို့ကို လည်း ကောင်း၊ အတွင်းလျှောက်တို့ကို လည်းကောင်း ငွေဖြင့် ပြုလုပ် ကုန်၏၊ သားရဲရုပ်တို့ကို သန္တာဖြင့် ပြုလုပ်ကုန်၏။ အခြင်တို့ကို လည်းကောင်း၊ ခေါင်အုပ်မိုးကို လည်းကောင်း၊ ခြင်ပိတ်တို့ကို လည်းကောင်း ရတနာခုနစ်ပါးဖြင့် ပြုလုပ်ကုန်၏။ အတွင်း အမိုးကို ဣန္ဒနီလာ ကျောက်အုတ်တို့ဖြင့် ပြုလုပ်၏။ အပြင် အမိုးကို ရွှေဖြင့်ပြုလုပ်၏၊ အထွတ်ကို ငွေဖြင့် ပြုလုပ်၏၊ အလျား

ယူဇနာသုံးရာ ရှိ၏။ အနံ ယူဇနာ သုံးရာရှိ၏။ အဝန်း ယူဇနာ ကိုးရာရှိ၏၊ အစောက်ယူဇနာ ငါးရာရှိ၏။ ဤသို့လျှင် ရတနာ မျိုးစုံဖြင့် ဆန်းကြယ်စွာ စီမံပြုလုပ်ထားသော သုဓမ္မာ နတ် သဘင်သည် ချီးကျူး၍ မကုန်နိုင်အောင် တင့်တယ်လှပလေ၏။ သုဓမ္မာ နတ်သဘင်ဆိုသည်မှာ သုဓမ္မာဇရပ်ကြီး (ဝါ) သုဓမ္မာ ဓမ္မာရုံကြီးပင် ဖြစ်လေသည်။

အနီးအပါး၌ ရှိသော ပင်လယ် ကသစ်ပင်မှ ပန်းပွင့် များသည် လေညင်း ယူဆောင်ပို့သဖြင့် သုဓမ္မာ နတ်သဘင်၌ တင့်တယ်စွာ ပျံ့နှံ့လျက် ရှိပေ၏။ အလယ်ဗဟို၌ ထီးဖြူစိုက် ထားသော တရားပလ္လင်ရှိ၏၊ ထိုတရားပလ္လင်ဘေးမှစ၍ သိကြား မင်းနေရာနှင့် ပဇာပတိနတ်မင်း၊ ဝရုဏနတ်မင်း၊ ဤသာန နတ်မင်း စသော မာဃလုလင်ဘဝတုန်းက ကောင်းမှုပြုဘက် သုံးကျိပ်သုံးပါးသော နတ်မင်းကြီးတို့၏နေရာကို စီစဉ်ထား၏။ ထို့နောက် တန်ခိုးကြီးသော နတ်မင်းများနှင့် မထင်ရှားသော နတ်များ၏ နေရာတို့လည်း ရှိပေ၏။

စည်းဝေးချိန် တန်သောအခါ သိကြားမင်း ကိုယ်တိုင် အတောင်တရာ့နှစ်ဆယ် ရှိသော ဝိဇယုတ္တရ ခရုသင်းကြီး အသံဖြင့် အချက်ပေးလိုက်လေ၏။ ထိုခရုသင်းကြီး အသံသည် ယူဇနာ တသောင်း ကျယ်သော တာဝတိံသာ နတ်ပြည် တခုလုံး လွှမ်းဖုံးရိုက်တီး မြည်ဟိန်းသွားလေ၏။ လူ့အရေ အတွက် လေးလကြာအောင် အဆက်ဆက် မြည်ဟိန်းနေသော ဟူ၏။ ထိုနတ်သဘင်၌ ပြော့ဟမ္မပြည်မှ သနင်္ကုမာရ ဗြဟ္မာမင်း လာ၍ တရားဟောလေ့ရှိ၏။ တခါတရံ သိကြားမင်းကိုယ်တိုင်

တရားဟောပြော၏။ တခါတရံ တရားဟော ကောင်းသော နတ်သား တပါးပါးက ဟောပြောလေ၏။

## ရောဝဏ်ဆင်ပြောင်ကြီး

ရောဝဏ်ဆင်ဆိုသည်မှာ ရောဝဏ်အမည်ရှိသော နတ်သား ဖြစ်လေသည်။ ထိုနတ်သားသည် သိကြားမင်းဥယျာဉ်ကစားရန် ထွက်သောအခါ၌ မိမိ၏ အတ္တဘောကို စွန့်၍ ယူဇနာ တရာ့ ငါးဆယ်ရှိသော ရောဝဏ်အမည်ရှိ ဆင်ကြီး ဖန်ဆင်းလေ၏။ ထိုရောဝဏ် ဆင်နတ်သားသည် သုံးကျိပ် သုံးယောက်သော နတ်မင်းကြီးတို့ စီးဖို့ရန် ဆင်ဦးကင်း သုံးဆယ့်သုံးလုံး ဖန်ဆင်း၏။ သုံးဂါဝုတ် တယူဇနာခွဲလောက်ရှိသော လည်ရစ်ရေး ဖြင့် ဖန်ဆင်း၏။ ထိုနတ်မင်းကြီးတို့၏ အလယ်၌ သိကြား နတ်မင်းနေဖို့ရန် ယူဇနာသုံးဆယ်ရှိသော သုဒဿနအမည်ရှိ ဆင်ဦးကင်းကို ဖန်ဆင်း၏။ ထိုဆင်ဦးကင်းအထက် အပေါ်၌ တဆယ့်နှစ်ယူဇနာရှိသော ရတနာမဏ္ဍပ်ရှိ၏။ ထိုမဏ္ဍပ်အကြား အကြား၌ ရတနာခုနစ်ပါးဖြင့် ပြုလုပ်ထားသော တယူဇနာ မြင့်သော တံခွန်တို့သည် ပေါက်ကုန်၏။ တံခွန်တို့၏ နံပါး၌ ရွှေခြူကွန်ရက်ဆွဲ၏။ လေညင်း တိုက်ခတ်သောအခါ ရွှေခြူ ကွန်ရက်တို့၏ အသံသည် နတ်တို့၏ တူရိယာသံနှင့် သီချင်းသံ ကဲ့သို့ ငြိမ့်ငြောင်းသာယာစွာ အသံထွက်လေ၏။

မဏ္ဍပ်အလယ်၌ သိကြားနတ်မင်း စံတော်မူရန် တယူဇနာ ရှိသော ပတ္တမြားပလ္လင်ကို ခင်းထား၏။ ထိုပတ္တမြားရတနာ ပလ္လင်၌ သိကြားမင်း ထိုင်နေတော်မူ၏။ ရောဝဏ်ဆင်၏ သုံး ဆယ့်သုံးလုံးသော ဆင်ဦးကင်းတို့တွင် ဆင်ဦးကင်း တခုတခု၌

အစွယ်ခုနစ်ချောင်း ခုနစ်ချောင်း ဖန်ဆင်း၏။အစွယ်တချောင်း တချောင်းသည် ယူဇနာငါးဆယ် အလျားရှည်၏။ အစွယ် တချောင်း တချောင်း၌ ရေကန် ခုနစ်ခု ခုနစ်ခုပေါ်ကုန်၏။ ရေကန်တခုတခု၌ ပဒုမ္မာကြာရုံ ခုနစ်ခု ခုနစ်ခု ပေါက်ကုန်၏။ ပဒုမ္မာကြာရုံ တခုတခု၌ ကြာပွင့် ခုနစ်ပွင့် ခုနစ်ပွင့် ပွင့်ကုန်၏။ ပဒုမ္မာကြာပွင့် တခုတခု၌ ပွင့်ချပ် ခုနစ်ခု ခုနစ်ခုရှိကုန်၏။ ပွင့်ချပ်တခု တခု၌ နတ်သမီး ခုနစ်ယောက် ခုနစ်ယောက် ကကုန်၏။

ဤသို့ ပြဆိုခဲ့သော အစီအစဉ်အတိုင်း ထက်ဝန်းကျင် ယူဇနာ ငါးဆယ်ရှိသောအရပ်၌ ဆင်စွယ်တို့၌သာလျှင် အမြဲမပြတ် ကချေသည် ပွဲလမ်းသဘင်တို့ ဖြစ်ကုန်၏၊ ဤသို့လျှင် ကြီးကျယ်စွာသော စည်းစိမ်ချမ်းသာကို ခံစားလျက် သိကြားမင်းသည် လှည့်လည်ကြွမြန်း စက်ဝန်းချွေတော်မူလေသတည်း။

သိကြားမင်း ဥယျာဉ်ကစားရာမှ ပြန်လာပြီးသောအခါ၌ ဧရာဝဏ်ဆင်ကြီးသည် နဂိုပကတိအတိုင်း နတ်သားပြန်ဖြစ်၍ မိမိဘုံနိဗိမာန်၌ နေလေ၏။

## ဥယျာဉ်ရေကန်များ

တာဝတိံသာ နတ်တို့နေထိုင်ရာ သုဒဿန နေပြည်တော်၏-အရှေ့ဘက်၌ ယူဇနာတထောင် ကျယ်ဝန်းသော နန္ဒဝန် ဥယျာဉ်တော်ရှိ၏။ ထိုဥယျာဉ်တော်သည် သေခါနီး၍ အလွန်ပူဆွေးနေသော နတ်များကိုပင် သေရမည့်အရေးကို မတွေးမိလောက်အောင် အလွန် ပျော်မွေ့ဖွယ် ကောင်းသည်ဟု ဆို၏။ မြရည်လိမ်းထားသလို စိမ်းစိမ်းစိုစို ပန်းပင်ပျိုတို့ အကြားဝယ်

နတ်သား နတ်သမီးမောင်မယ်စုံတို့လည်း သွားလာလှည့်နေကြသောကြောင့် ဥယျာဉ်တော်ကြီးမှာ တမျိုးအဖုံ ကျက်သရေ တက်လေ၏။ အချို့သော နတ်တို့သည် သေခါနီး နတ်များကို နန္ဒဝန်ဥယျာဉ်သို့ ခေါ်ဆောင်လာ၍ ထိတ်လန့်ကြောက်ရွံ့မှုများကို ပပျောက်စေပြီးလျှင် လူ့ပြည်သို့သွား၍ ကုသိုလ်ကောင်းမှု ပြုပြီး ပြန်လာခဲ့ပါဟု မှာကြားကြကုန်၏။

ထိုဥယျာဉ်တော်နှင့် နေပြည်တော်၏ အလယ်မှာ မဟာနန္ဒာ၊ စူဠနန္ဒာဟူသော ကန်တော်ကြီး ၂ ခုလည်း ရှိ၏၊ ရွှေချင်စဖွယ် အလွန် တင့်တယ်၏၊ ကြည်လင်သော ရေများရှိ၏၊ ကမ်းအစ၌ ဆန်းပြားလှသော ရတနာသိုင်ခုံများရှိ၏၊ နတ်အများတို့သည် မိမိတို့၏ အခြွေအရံများနှင့် ပျော်ပျော်ပါးပါး သွားလာ လှည့်လည် ရှုစားကြကုန်၏။

နေပြည်တော်၏တောင်မျက်နှာ၌သုဘဒ္ဒါဟူသောကန်တော်ကြီး ၂ခုနှင့် ယူဇနာခုနစ်ရာ ကျယ်ဝန်းသော ဖာရုသကဉယျာဉ်တော်ရှိ၏။ ဖက်သက် အဖျော်ယမကာတို့ကို သောက်စားကာ နေကြသော အသုရာတို့အား ကြိမ်းဝါး ခြိမ်းခြောက်ရာ ဥယျာဉ်တော်ဖြစ်၏၊ နေပြည်တော်၏ အနောက် မျက်နှာ၌ စိတ္တာ စူဠစိတ္တာဟူသော ကန်တော်ကြီး ၂ ခုနှင့် ယူဇနာငါးရာ ကျယ်ဝန်းသော စိတ္တလတာ ဥယျာဉ်တော်ရှိ၏။ အာသာဝတီ နွယ်နီနတ်ပန်းတို့ကို ဆွတ်လှမ်း ပျော်ပါးရန် ဆန်းကြယ်သော အဝတ်တန်ဆာ ယာဉ်ရထားတို့ဖြင့် ဝင်ထွက်ရာ ဥယျာဉ်တော်ဖြစ်၏။နေပြည်တော်၏ မြောက်မျက်နှာ၌ ဓမ္မာ၊သုဓမ္မာဟူသော ကန်တော်ကြီး ၂ ခုနှင့် ယူဇနာငါးရာ ကျယ်ဝန်းသော မိဿက

ဥယျာဉ်တော်ရှိ၏၊ နတ်သား နတ်သမီးတို့ ယှဉ်တွဲပျော်မြူးရာ ဥယျာဉ်တော်ဖြစ်၏၊ နေပြည်တော်၏ အရှေ့မြောက်ထောင့်၌ ယူဇနာ ခုနစ်ရာ ကျယ်ဝန်းသော မဟာဝန်ဥယျာဉ်တော်ရှိ၏။ မဟာဝန်ဥယျာဉ်နှင့် နန္ဒဝန်ဥယျာဉ်တို့၏ အကြား၌ ယူဇနာ တရာ ကျယ်ဝန်းသော သုနန္ဒာရေကန်ကြီး ရှိ၏။

ထိုဥယျာဉ်တော်ကြီးအားလုံးတို့အား ရတနာတံတိုင်း ရတနာ တံခါးစသည်တို့ဖြင့် ကာရံထား၏၊ကန်တော်ကြီးများမှာလည်း လှပ ဆန်းကြယ် နှစ်သက်ဖွယ်ရာချည်း ဖြစ်၏၊ ကမ်းနား၌ ဆန်းပြားလှသော ရတနာထိုင်ခုံများရှိ၏၊ ဝံပိုင်ရေကဲ့သို့ နူးညံ့ ချောမွေ့၍ ချမ်းသာသော အတွေ့ရှိကုန်၏၊ ထိုဥယျာဉ်တော် များနှင့်ကန်တော်ကြီးတို့တွင် နတ်သားနတ်သမီးပျိုတို့ ပျော်ရွှင် စွာလှည့်လည် သွားလာနေထိုင်ကြသည်ကိုလည်း တွေ့မြင်နိုင်၏။

## စူဠာမဏိစေတီတော်

တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော် ရှိသည်၊ထို စေတီတော်မှာ တယူဇနာမြင့်သော မြသား စေတီတော်ကြီး ဖြစ်၏၊ ဘုရားလောင်း ဘဝက ဆံတော်ခါတ်နှင့် လက်ျာစွယ် တော် ဓာတ်များ ကိန်းဝပ်တော်မူ၏။ ပန်းဆီမီး ပူဇော်၍ ကုသိုလ်ယူနိုင်သည်။

## အသုရာနတ်ပြည်

အသုရာနတ်ပြည်သည် မြင်းမိုရ်တောင်အောက် အပြင်၌ရှိ၏၊ ယူဇနာတထောင်ကျယ်၏။ဘုံဗိမာန်များလည်းရှိ၏၊ ဆန်းကြယ် လှ သခွတ်ပင်ကြီးလည်း ရှိ၏၊ ရုပ်ဆင်းဖြင့် လည်းကောင်း၊

အသက်တမ်း အားဖြင့် လည်းကောင်း၊ တန်ခိုး အာဏာ စည်းစိမ် ချမ်းသာ စသည်အားဖြင့် လည်းကောင်း၊ တာဝတိံသာနတ်တို့နှင့် တူကုန်၏။ အကြီးအကဲ နတ်မင်းများမှာ ဝေပစိတ္တိအသုရိန်၊ ရာဟုအသုရိန်၊ ပဟာရာဒအသုရိန်၊ နတ်မင်းတို့ ဖြစ်၏၊ ဝေပစိတ္တိအသုရိန်သည် သိကြားမင်း၏ မိဖုရား သုဇာတာ နတ်သမီး၏ ခမည်းတော်ဖြစ်၏။

ပဟာရာဒ အသုရိန်မှာ ဘုရားရှင်ထံ ယနေ့သွားမည်၊ နက်ဖြန်သွားမည် စသည်ဖြင့် အကြံအစည်ပြုလာရာ တဆယ့်နှစ် နှစ်ကြာမှ အထမြောက်လျက် အသုရာနတ်အပေါင်း ခြံရံကာ မြတ်စွာဘုရားရှိရာ ဝေရဉ္စာ ပြည်သို့ ဖူးမြင်ရန် ရောက်လာသော နတ်မင်း ဖြစ်သည်။

အသုရာနတ်တို့သည် ယခင်က တာဝတိံသာ နတ်ပြည်၌ နေထိုင်ခဲ့ကြ၏၊ အရက်သေစာ သောက်စား မူးယစ်လေ့ရှိကြ၏၊ သိကြားမင်း အမှူးရှိသော နတ်ပရိသတ် ရောက်လာသောအခါ အရက်သေစာ မူးယစ်နေကြစဉ် မြင်းမိုရ်တောင် အောက်သို့ ခြေနှစ်ချောင်း ဆွဲကိုင်ပြီး ပစ်ချခံရလေသည်။ ရေးဘုန်း ရေးကံကြောင့် ယုဇနာ တသောင်း ကျယ်သောအရပ်၌ ဘုံဗိမာန် များ ပေါ်လာသဖြင့် ထိုနေရာ၌ပင် နေထိုင်ကြလေ၏။ ထို နတ်ပြည်၌ သခွတ်ပန်းပွင့်သောအခါ မိမိတို့ နေခဲ့ရာ တာဝတိံသာ နတ်ပြည်၌ ပင်လယ် ကသစ်ပန်း ပွင့်သောအခါတည်းဟု သတိရကြ၍ လက်နက် စွဲကိုင်ကြပြီးလျှင် တာဝတိံသာနတ် တို့အား မကြာခဏ စစ်တိုက်လေ့ရှိကြ၏။ ထိုအသုရာနတ်ပြည် သည် ဤစကြဝဠာ၌သာ ရှိပုံရ၏၊ အကြောင်းသော်ကား မဟာ

သမယသုတ် ဟောတော်မူစဉ်က အခြားသော စကြဝဠာများမှ လာရောက်သော နတ်များတို့တွင် အသုရာနတ် ဟူ၍ တဦး တယောက်မျှ မပါသောကြောင့်တည်း။

## တာဝတိံသာနှင့် အသုရာနတ်တို့ စစ်တိုက်ပုံ

တာဝတိံသာနတ်နှင့်အသုရာနတ်တို့ စစ်တိုက်ကြရာ၌ နွားကျောင်းသားငယ်များသည် တဦးနှင့်တဦး တုတ်လုံ တန်တုံးဖြင့် ရိုက်နှက်ကြသလို စစ်တိုက်ကြခြင်း ဖြစ်လေသည်၊ ထိပ်ပေါက် ခေါင်းကွဲ မရှိပေ၊ ထိတ်လန့် ကြောက်လန့်ရုံမျှသာ ဖြစ်၏။ အသုရာနတ်တို့က နိုင်၍ တာဝတိံသာသို့ ရောက်လာသည် ဖြစ်စေ တာဝတိံသာနတ်တို့ကနိုင်၍ အသုရာပြည်သို့ ရောက်လာသည်ဖြစ်စေ မြို့တံခါးပိတ်လိုက်လျှင် ဘာမျှ မတတ်နိုင်တော့ချေ။ ယို့ကြောင့် ၎င်းပြည်နှစ်ပြည် အယုဇ္ဈပုရ ရန်သူတို့ မအောင်နိုင်သော ပြည်များဟု ဆိုကုန်၏။

## အာလိန်ငါးဆင့် အစောင့်များ

သိကြားမင်းသည် မြင်းမိုရ်တောင် ပထမ အာလိန်၌ နဂါးတို့ကို အစောင့်ထား၏၊ ဒုတိယအာလိန်၌ ဂဠုန်၊ တတိယအာလိန်၌ ကုမ္ဘဏ်၊ စတုတ္ထအာလိန်၌ ယက္ခဘီလူး၊ ပဉ္စမ အာလိန်၌ စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက် တို့ကို အစောင့်ထား၏။ ရန်ငြိုးထားသော အသုရာနတ်တို့ကို ရန်မှ ကာကွယ်ရန် အစောင့် ထားခြင်း ဖြစ်သည်။

## သမ္ဘရအသုရိန်နှင့် ရသေ့များဝတ္ထု

ရှေးက သမုဒ္ဒရာကမ်းနား၌ နေကြသော သီလရှိသော ရသေ့တို့သည် ဤသို့ ကြံကြကုန်၏။ နတ်တို့သည် တရားစောင့်ကုန်၏။ အသုရာတို့သည် တရားမစောင့်ကုန်။ ငါတို့အား အသုရာအပေါင်းမှ ဘေးရန်လာ၏။ ထို့ကြောင့် သမ္ဘရအသုရိန်ထံ သွား၍ ဘေးမဲ့အလှူကို တောင်းခံရကုန်မူ ကောင်းလေစွဟု အကြံဖြစ်၏။

သို့ဖြင့် တနေ့သောအခါ နတ်နှင့်အသုရာတို့ စစ်ပွဲဖြစ်ကြရာ အသုရာတို့ ဘေးရန်မှ စိုးရိမ်သောကြောင့် သမ္ဘရအသုရိန်ထံ သွား၍ ဘေးမဲ့အလှူကို ခံကြ၏။ ယင်း အသုရိန်သည် ရသေ့တို့အား သိကြားမင်းက ဆည်းကပ်သဖြင့် ဘေးမဲ့အလှူကိုမပေး၊ ဘေးအလှူကိုသာ ပေးအံ့ဟု ဆို၏။ ရသေ့တို့က "သင်သည် ငါတို့အား ဘေးအလှူကိုသာလျှင် ပေး၏၊ ထိုအလှူကို ငါတို့ ခံယူ၏။ သင့်အား ဘေးသည် မကုန်ခန်းနိုင်စေ သတည်း"ဟု ကျိန်ဆဲခဲ့ကြ၏။ ရသေ့တို့ ပြန်သွားပြီးနောက် သမ္ဘရ အသုရိန်သည် ညဉ့်၌သုံးကြိမ် ထိတ်လန့်၏ဟု ဆို၏။

နတ်နှင့် အသုရာစစ်တိုက်လျှင် အသုရာနတ်တို့က အရှုံးများသည်။ အသုရာနတ်တို့က နိုင်၍ နတ်တို့က ပြေးရသည့်အခါ၌ အသုရာတို့အား ပြန်တွင် ရသေ့သခ်မ်း ကျောင်းများကို ဖျက်ဆီးသည်။ သိကြားမင်းသည် ရသေ့တို့နှင့် ပေါင်းပင်၍ အသုရာတို့ကို ဖျက်ဆီးသည်ဟု စွပ်စွဲ၏။ ထို့ကြောင့် သမ္ဘရအသုရိန်သည် ရသေ့တို့အား ဘေးအလှူကို ပေးခြင်းဖြစ်သည်ဟု [illegible]

ထိုသမ္ဘရ အသုရိန်သည် ရသေ့တို့၏ ကျိန်စာကြောင့် ညဉ့်၌ [illegible] ၌အိပ်သောအခါ လှံတရာဖြင့် [illegible] သို့ ညဉ့် [illegible]

၁၅၈၄၉

၌ စာကြိမ်၊ သန်းခေါင်းယံ၌ တကြိမ်၊ မိုးသောက်ယံ၌ တကြိမ် အားဖြင့် သုံးကြိမ်တိုင်တိုင် ထိတ်လန့်ငိုကျွေး၏။ အသုရာနတ်ပြည်တခုလုံး ချောက်ချားလေ၏။ အသုရာနတ်တို့သည် လာရောက်၍ မေးကြပြီးလျှင် "အရှင်မင်းကြီး၊ ဘာမှမကြောက်လင့်" ဟု နှစ်သိမ့်အားပေးကြကုန်၏။ ထိုအခါမှစ၍ သမ္ဗရအသုရိန်သည် နှာမကျန်းဖြစ်ကာ တုန်လှုပ်သောစိတ်ရှိသဖြင့် "ဝေပစိတ္တိအသုရိန်" ဟု အမည်တွင်လေ၏။

## ယာမာစသော နတ်ပြည်များ

ယာမာစသော အထက်နတ်ပြည် လေးထပ်သည် စာတုမဟာရာဇ်၊ တာဝတိံသာတို့ကဲ့သို့ မြေနှင့်မစပ်ပဲ ကောင်းကင်၌သာ တည်၏။ စကြဝဠာတံတိုင်းအောက်အောင် နတ်ဘုံနတ်နန်း ဘုံဗိမာန်များ တည်ရှိ၏။ သုမမွာ နတ်သဘင် နန္ဒဝန်ဥယျာဉ်စသည်တို့လည်း ရှိကုန်၏။

## နတ်မိသားစုဖြစ်ပုံ

သားသမီးဖြစ်ထိုက်သော နတ်သားနတ်သမီးတို့မှာ နတ်တို့၏ ရင်ခွင်၌ ဖြစ်လာကြ၏။ မယားဖြစ်ထိုက်သော နတ်သမီးများမှာ အိပ်ရာ၌ ဖြစ်လာကြ၏။ ပန်းနံ့သာလိမ်းကျံမှုနှင့် ၊န်ဆာဆင်ပေးမှုပြုသော နတ်သမီးတို့မှာ အိပ်ရာနံပါး၌ ခြံရံကာ ဖြစ်လာကြကုန်၏။ အမှုကြီးငယ် ပြုလုပ်သော နတ်တို့မှာ ဘုံဗိမာန်အတွင်း၌ ဖြစ်လာကြကုန်၏။ နတ်အားလုံးမှာ ဗိမာန်ကိုယ်စီမရှိကြောင်း သိသာ၏။

## နတ်များ လှပသန့်ရှင်းပုံ

နတ်သားတို့မှာ အသက်၂၀အရွယ် နတ်သမီးတို့မှာ ၁၆ နှစ်အရွယ်ရှိကုန်၏။ တသက်လုံး ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်လိမ်ခြင်း၊ မျက်စိမှုန်ခြင်း၊ မွဲခြင်း၊ နားထိုင်းခြင်း စသော ရုပ်အဆင်း ဖောက်ပြန်ခြင်းမရှိ၊ ရင့်ရော်ခြင်း၊ အိုခြင်း မရှိ၊ အမြဲလှပ၍သာ နေ၏။ နတ်သြဇာ အဆီအနှစ်ကိုသာ စား သောက်ကြရသဖြင့် ခန္ဓာကိုယ်တွင်း၌ ကျင်ကြီးကျင်ငယ် နှပ် တံတွေး စသော အညစ်အကြေး လုံးဝမရှိ၊ မကောင်းသော အနံ့အသက်မရှိ၊ နတ်သမီးတို့မှာ ဓမ္မတာသွေး အညစ်အကြေး ကင်းစင်၏။

## နတ်တို့၏ ကာမဂုဏ်ချမ်းသာ

နတ်ပြည်ခြောက်ထပ်ရှိ နတ်အားလုံးသည် ကာမဂုဏ်ခံစား ရာ၌ လူတို့ကဲ့သို့ပင် ခံစားလေသည်။ အညစ်အကြေးများ မဖြစ်ပေါ်လာကြပေ။ သွေးသားလှုပ်ရှားရုံမျှဖြင့် ပြီးစီးကြ၏။ နတ်မိန်းမများ၌လည်း ကိုယ်ဝန်ဆောင်မှုနှင့် ပတ်သက်သော ကိစ္စ တခုမျှ မရှိချေ။ နတ်တို့ကာမဂုဏ်နှင့် နှိုင်းစာလျှင် လူတို့ ကာမဂုဏ်ချမ်းသာမှာ သဖန်းမြက်ဖျား၌ပါသော ရေစက်မျှသာ ရှိ၍ နတ်ကာမဂုဏ်ချမ်းသာမှာ သမုဒ္ဒရာရေပမာဏ ရှိသည်ဟု ဆို၏။

## နတ်လုမှု ဆုံးဖြတ်ပုံ

ဘုံဗိမာန်ရှိသော နတ်တို့၏ ပိုင်နက်အကြား၌ နတ်အသစ် များ ဖြစ်ပေါ်လာခဲ့သော် ထိုနတ်များကို သူပိုင်ထိုက်သည်၊ ငါပိုင်ထိုက်သည်ဟု အငြင်းပွားကြကုန်၏။ မပြီးပြတ်လျှင်

သိကြားမင်းထံသွား၍ အဆုံးအဖြတ် ခံယူကြကုန်၏။ သိကြားမင်းသည် ထိုအသစ် ဖြစ်ပေါ်လာသော နတ်နှင့် နီးကပ်သော ဗိမာန်ရှင် နတ်သားအား ပေး၏။ အနီးအဝေး ညီမျှနေလျှင် ထိုနတ်မျက်နှာမူရာ ဗိမာန်ရှင် နတ်သားအား ပေး၏။ မည်သူ့ဘက်မှ မျက်နှာမမူပဲ နေခဲ့သော် အမှုပြီးပြတ် စေခြင်းငှာ ထိုနတ်ကို သိကြားမင်းက သိမ်း ယူလေ၏။

## မနာပကာယိကာနတ်သမီးများ

ဤနတ်သမီးတို့သည် နှစ်သက်ဖွယ်သော ကိုယ်ရှိသည်။ အရာသုံးပါး၌ အစိုးရသည်။ အလိုအတိုင်း ဖြစ်စေနိုင်သည်။ ထိုအရာသုံးပါးမှာ (၁)အလိုရှိရာ အဆင်းကို တခဏချင်း ရနိုင်ကုန်၏။ (၂) အလိုရှိရာ အသံကို တခဏချင်း ရနိုင်ကုန်၏။ (၃) အလိုရှိရာ ချမ်းသာကို တခဏချင်း ရနိုင်ကုန်၏။

## ဘုံစဉ်စံ၍ နိဗ္ဗာန်ဝင်မည့်သူ(၇) ဦး

အနာထပိဏ်သဌေး၊ ဝိသာခါကျောင်းအမ၊ သိကြားမင်း၊ တာဝတိံသာနတ်ပြည်မှ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား၊ နာဂဒတ္တနတ်သား။ ဤသောတာပန်ခုနစ်ဦးတို့သည် ဘုံစဉ်စံပြီး အကနိဋ္ဌဗြဟ္မာ့ဘုံ၌ နိဗ္ဗာန်ဝင်မည့်သူများဖြစ်သည်။

## နတ်တို့၏ တန်ခိုးအာနုဘော်

နတ်တို့၌ ဝတ်ထားသော အဝတ်အရောင်သည် လည်းကောင်း၊ နတ်တို့၏ ကိုယ်အရောင်သည် လည်းကောင်း၊ အဆင်တန်ဆာအရောင်သည် လည်းကောင်း၊ ဗိမာန်အရောင်သည်

လည်းကောင်း၊ တဆယ့်နှစ်ယူဇနာစီတိုင်အောင် လင်းကုန်၏။ ဘုန်းကြီးသောနတ်တို့၏ ကိုယ်အရောင်သည် ယူဇနာတရာတိုင် အောင် လင်း၏။

## သရဏဂုံတည်သော နတ်များ

သရဏဂုံ တည်သော နတ်တို့သည် သရဏဂုံ မတည်သော နတ်တို့ထက် အသက်ရှည်ခြင်းအားဖြင့် လည်းကောင်း၊ အဆင်း လှခြင်းအားဖြင့် လည်းကောင်း၊ ချမ်းသာခြင်းအားဖြင့် လည်း ကောင်း၊ အခြွေအရံများခြင်းအားဖြင့် လည်းကောင်း၊ အစိုးရ ခြင်းအားဖြင့် လည်းကောင်း၊ နတ်တို့၏ အဆင်းအားဖြင့် လည်းကောင်း အသံအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ အရသာအားဖြင့် လည်းကောင်း၊ အတွေ့အထိ အားဖြင့် လည်းကောင်း သာလွန်ပိုမိုကုန်၏။

## ရှေးဘဝကို နတ်များ သိ-မသိ

ရှေးဘဝက ကမ္မဝါဒီ အယူရှိသော နတ်တို့သည် မိမိတို့ ဘယ်ဘဝက ဘယ်ကံကိုပြု၍ နတ်ဖြစ်လာသည်ကို သိသည်။ ရှေးဘဝက ဤလောကကို ပြဟ္မာဖန်ဆင်း၏ စသည်ဖြင့် မိစ္ဆာအယူရှိခဲ့သော နတ်တို့သည် မိမိတို့ ဘယ်ကံကိုပြု၍ နတ်ဖြစ် လာသည်ကို မသိချေ။

## တိတ္ထိတို့လည်း နတ်ပြည်ရောက်

ထို တိတ္ထိတို့သည် ဥပုသ်စောင့်ခြင်း၊ ထမင်း ကျွေးခြင်း၊ ကိုးကွယ်ရာမဲ့တို့အား အဝတ်အစားပေးခြင်း၊ ရေတွင်း ရေကန် တူးခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်သောကြောင့် နတ်ပြည်သို့ ရောက်ကြသည်။

## လူ့ပြည်လာလျှင် ပြုပြင်လာကြ

နတ်တို့သည် လူ့ပြည်သို့ လာသောအခါ ပကတိအဆင်း၊ ပကာတိ တန်ခိုးတို့ကိုစွန့်၍ ရုန့်ရင်းသော ကိုယ်နှင့် နဂိုထက် လွန်ကဲသော အဆင်း၊ လွန်ကဲသောတန်ခိုးရှိအောင် ဖန်ဆင်း၍ ကချေသည်၊ သဘင်သည် သေည့်တို့ကဲ့သို့ ပြုပြင်သော ကိုယ်ဖြင့် လာကြကုန်၏။

## ဘုရားအလောင်း နတ်သားများ

ဘုရားအလောင်း နတ်သားတို့သည် နတ်သမီးတို့၏ ပွတ်သီး ပွတ်သတ် ပြုလုပ်မှုများကြောင့် နတ်ပြည်၌ ပါရမီဖြည့်ခွင့်မရပဲ "အဓိမုတ္တိ ကာလံ ကိရိယာ" ခေါ် ဤအချိန်မှ နောက်၌ ငါ အသက် မဘည်စေသတည်းဟု နှလုံးသွင်း ဓိဋ္ဌာန်၍ သေခြင်း တမျိုးဖြင့် သေအောင်ပြုကာ လူ့ပြည်သို့ဆင်း၍ ပါရမီ ဖြည့်တော်မူကြသည်။

## ဘုရားကို နှောင့်ယှက်သော မာရ်နတ်

မြတ်စွာဘုရားကို နှောင့်ယှက်သော မာရ်နတ်သည် ဝသဝတ္တိ နတ်ပြည်ဘနေရာ၌ မိမိ၏ ပရိသတ်နှင့် နေသောနတ် ဖြစ်၏။ တိုင်းစွန်ပြည်နား၌ နေသော သူပုန်မင်းသား ဒမြကဲ့သို့သော သူဖြစ်လေ၏။

## နတ်တို့သေခြင်း နိမိတ်ငါးပါး

၁။ နတ်ပန်းများ ညှိုးခြင်း၊

၂။ နတ်ဝတ်တန်ဆာများ ညစ်နွမ်းခြင်း၊

၃။ ခန္ဓာကိုယ် ချက်ကတီးကြားမှ ချွေးသီး ချွေးပေါက် ထွက်ခြင်း၊

၄။ တကိုယ်လုံး အဆင်းမလှခြင်း၊

၅။ နတ်တို့နေရာ၌ မပျော်မွေ့ခြင်း–

ဟူ၍ သေခြင်း နိမိတ်ငါးပါး ရှိ၏။ ထိုငါးပါးတို့တွင် နတ်ပန်းများသည် ပဋိသန္ဓေယူသောအခါက ပန်သောပန်းများဖြစ်၍ တသက်လုံး မညှိုးနွမ်းကုန်။ သေခါနီး ကာလ၌သာ ညှိုးနွမ်း၏။

နတ်ဝတ်တန်ဆာ ဆိုသည်မှာလည်း ပန်းများကဲ့သို့ပင် ပဋိသန္ဓေ ယူသောအခါက ဝတ်ဆင်သော အဝတ်တန်ဆာများ ဖြစ်၏၊ တသက်လုံး မညှိုးနွမ်းကုန်၊ သေခါနီး ကာလကျမှသာ ညှိုးနွမ်း၏။

နတ်တို့မှာ တသက်လုံး အချမ်းလည်း မခံရ၊ အပူလည်း မခံရ၊ သေခါနီး ကာလ၌သာ မြတ်သော ကြိုးဖြင့် သီသော ပုလဲသွယ် ရွှဲလုံးကဲ့သို့ ကိုယ်မှ ချွေးတို့သည် တပေါက်ပေါက် ကျရောက်ယိုထွက်ကုန်၏။

နတ်တို့၏ ကိုယ်၌ တသက်လုံး ဆံဖြူခြင်း, သွားကျိုးခြင်း စသည်ဖြင့် အဆင်းဖောက်ပြန်ခြင်း မရှိ။ နတ်သမီး ဖြစ်လျှင် တဆယ့်ခြောက်နှစ်အရွယ်၊ နတ်သားဖြစ်လျှင် အသက်နှစ်ဆယ် အရွယ် ထင်ရကုန်၏။ သေခါနီး ကာလ၌မူ အဆင်းမလှ ဖောက်ပြန်ကြကုန်၏။

နတ်တို့သည် နတ်ပြည်၌ နေရသမျှ ကာလပတ်လုံး မငြီးငွေ့ကုန်၊ ပျော်မွေ့ကြကုန်၏။ သေခါနီးအခါ၌မူ ငြီးငွေ့ကြကုန်၏။ ကိုယ်တဆန့်ဆန့် ရှိကုန်၏။ မပျော်မွေ့ကြကုန်။

ဤနိမိတ်ငါးပါး ထင်လာပြီးနောက် လူတို့ရက်ဖြင့် (၇) ရက်ကြာသောအခါ သေဆုံးကြကုန်၏။ သေရမည်ကို ဉာဏ်ပညာနှင့် ပြည့်စုံသော နတ်တို့သာလျှင် သိကုန်၏။ လူ့လောက၌ ဘုန်းတန်ခိုး ကြီးကုန်သော မင်းစိုးရာဇာ မှူးမတ် စသည်တို့ သေကြရတော့မည် ဆိုလျှင် ဥက္ကာပျံကျခြင်း၊ မြေငလျင် လှုပ်ခြင်း၊ လကြတ်ခြင်း၊ နေကြတ်ခြင်း၊ နက္ခတ် ကျွေကျခြင်း စသော နိမိတ်တို့သည် ထင်လာကြကုန်၏။ အလုံးစုံသော မင်းစိုးရာဇာ မှူးမတ် စသည်တို့အား မထင်ကုန်။ ဤနည်းအတူ ဘုန်းတန်ခိုး ကြီးမားသော နတ်တို့အားသာလျှင် သေနိမိတ်ငါးပါး ထင်ကုန်၏။ တန်ခိုး သေးငယ်သော နတ်တို့အား သေနိမိတ်ငါးပါး မထင်ကုန်၊ မပြကုန်။

## နတ်တို့စုတေခြင်း လေးမျိုး

၁။ အသက်တမ်းစေ့၍ သေရခြင်း၊

၂။ ကံကုန်၍ သေရခြင်း၊

၃။ အစားအစာ ခါျိန် မစားမိ၍ အာဟာရပြတ်ပြီး သေရခြင်း၊

၄။ အမျက်ဒေါသ ထွက်လွန်းအားကြီး၍ သေရခြင်း—

ဟူ၍ စုတေခြင်းလေးမျိုး ရှိ၏။

## သက်တမ်းစေ့မနေရသော နတ်များ

စာတုမဟာရာဇ် နတ်သက်-၅၀၀၊ တာဝတိံသာနတ်သက်-၁၀၀၀-စသည်ဖြင့် ဆိုသော်လည်း ထိုနတ်သက်အတိုင်း အတိအကျ နေရမည်မဟုတ်။ မနောပဒေါသိကနတ်တို့သည် ဒေါသအားကြီးလာလျှင် နတ်သက်မစေ့ခင် စုတေကုန်၏။ ခိဍ္ဍာ

ပဒေါသိက နတ်တို့သည်လည်း အပျော်အပါးများ၍ အစာ စားချိန် မစားမိကြလျှင် နတ်သက် မစွေခင် စုတေကုန်၏။ နောက်ထပ် စားသော်လည်း မရချေ၊ ပူသော ကျောက်ဖျာ ပေါ်၌ ထား၍ ညှိုးနွမ်းသောပန်းကို ရေလောင်းသော်လည်း အသက် ပြန်မရှင်သကဲ့သို့ ပင်တည်း။ ထိုနတ် နှစ်မျိုးတို့တွင် ခိဍ္ဍာပဒေါသိက နတ်များသည် နတ်ပြည် ခြောက်ထပ်လုံး၌ ရှိလေ၏။ မနောပဒေါသိက နတ်များကား စာတုမဟာရာဇ် နတ်ဘုံ၌သာ ရှိ၏ဟု ဆို၏။

## ဒေါသကြီး၍ သေကြရပုံ

စာတုမဟာရာဇ် နတ်သား တယောက်သည် နက္ခတ်သဘင် ကစားအံ့သောငှါ မိမိအခြွေအရံ ပရိသတ်ဖြင့် ရထားစီးလျက် သွားလေ၏။ ထိုအခိုက်တွင် အခြား နတ်သား တယောက်သည် လည်း မိမိအခြွေအရံ ပရိသတ်ဖြင့် မီးရထားစီးလျက် ထွက်လေ ၏။ ထိုအခါ ရှေ့မှသွားသော နတ်သားကို နောက်မှလိုက်သော နတ်သားသည် အိုအရှင်တို့၊ ရှေ့မှသွားသော နတ်သည် အထီး ကျန်သောသူပေတည်း၊မမြင်ဖူး မရဖူးသော စည်းစိမ်ချမ်းသာ ကိုရသဖြင့် ဘဝင်မြင့်ကာ ဝင့်ဝါဟန်ကြွား သွားလာဘိတကား ဟု ရှုတ်ချပြောဆို၏။ ထိုအခါ ရှေ့မှသွားသော နတ်သားသည် နောက်သို့ပြန်ကြည့်လျက် ငါ၏ စည်းစိမ်သည် သင်၏အစွမ်း ကြောင့် ရသည်မဟုတ်။ ငါပြုလုပ်သော ဒါန သီလ ဘာဝနာ အစွမ်းကြောင့်ရသည်။ သင်နှင့် ဘာမျှမဆိုင်၊ သင်မနာလိုစရာမရှိ ဟု ပြောဆို၏။ ထိုနတ်သား နှစ်ယောက်တို့တွင် တဦးက အမျက် ထွက်၍ တဦးက သည်းခံသော် အသက်စောင့်သေး၏။ နှစ်ဦး

လုံး အမျက်ဒေါသ ထွက်ကြသော် တဦးအပေါ်တဦး အမျက် ဒေါသမီး တောက်လောင်အားကြီး သဖြင့် နတ်သမီးများ ငိုကြွေးကုန်ကြစဉ် နှစ်ဦးလုံး သေဆုံးကြကုန်၏ဟု ဆို၏။

## ကောလာဟလ ငါးပါး

ကမ္ဘာကြီး ပျက်စီးလုနီးသော် လောကဗျူဟာ မည်သော ကာမာဝစရနတ်တို့သည် ဆံကို ဖရိုဖရဲ ကြဲလျက် နီမြန်းသော အဝတ်ကိုဝတ်၍ စိုရွှဲသော မျက်ရည်ကို သုတ်ကာ လူတို့သွားရာ လမ်းခရီး၌ လှည့်လည်၍ "အချင်းတို့၊ နောင် အနှစ်တသိန်း လွန်သောအခါ ဤကမ္ဘာကြီ ပျက်စီး ကွယ်ပျောက်တော့မည်၊ ဗြဟ္မာ့ပြည်တိုင်အောင် ပျက်စီးမည်။ မေတ္တာကို ပွားများကြ ကုန်လော့၊ ကရုဏာကို မုဒိတာကို ဥပေက္ခာကို ပွားများကြ ကုန်လော့၊ အမိကို လုပ်ကျွေးကြကုန်လော့၊ အဖကို လုပ်ကျွေး ကြကုန်လော့၊ အမျိုး၌ ကြီးသောသူတို့ကို ရိုသေကြကုန်လော့၊ နိုးကြားကြကုန်လော့ မမေ့ကြကုန်လင့် ဟု ပြောကြားကြ ကုန်၏။

ထိုနတ်တို့သည်ပင် နောင် အနှစ်တာဆု လွန်သောအခါ စကြဝတေးမင်း ပေါ်လိမ့်မည်ဟု လူသားတို့သွားရာ လမ်း ခရီး၌ လှည့်လည် ပြောကြားကြကုန်၏။

သုဒ္ဓါဝါသဗြဟ္မာတို့သည် အဝတ်တန်ဆာကိုဝတ်၍ ဘုရား ဂုဏ်ကျေးဇူးတော်တို့ကို ပြောဆိုလျက် နောင်အနှစ်တထောင် လွန်သောအခါ လောက၌ ဘုရား ပွင့်တော်မူလိမ့်မည် ဟု လူတို့သွားရာ လမ်းခရီး၌ လှည့်လည်၍ ပြောဆိုကြကုန်၏။

ထိုပြဿနာတို့သည်ပင်လျှင် နေ့ခင်းတဆယ့်နှစ်နာရီ လွန်သော အခါ မင်္ဂလာတရားတော်ကို မြတ်စွာဘုရား ဟောတော်မူလိမ့်မည်ဟု လူတို့သွားရာလမ်းခရီး၌ လှည့်လည်ပြောကြားကြကုန်၏။

ထိုပြဿနာတို့သည်ပင်လျှင် နေ့ခင်းခုနစ်နှစ် ရှိသော အခါ မထင်ရှားသော ရဟန်းတပါးသည် မြတ်စွာဘုရားအား မောနေယျ အကျင့်ကို မေးပြီးလျှင် ကျင့်လိမ့်မည်ဟု လူတို့သွားရာ လမ်းခရီး၌ လှည့်လည်၍ ပြောကြားကြကုန်၏။

## လူ့ပြည်သို့ဆင်း၍ ကောင်းမှုရှင်စာရင်း ကောက်ပုံ

သိကြားမင်း တိုက်တွန်းချက်အရ စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့၏ နတ်အမတ်ကြီးတို့သည် လဆန်း လဆုတ် ၈-ရက်နေ့တို့၌လည်းကောင်း၊ ထိုနတ်မင်းကြီးတို့၏ ဂုဏ်ရှိမည်သော သားတော် နတ်တို့သည် တဆယ့်လေးရက်နေ့၌ လည်းကောင်း၊ စာတုမဟာရာဇ်နတ်မင်းကြီးတို့သည် လပြည့်လကွယ် တဆယ့်ငါးရက်နေ့တို့၌လည်းကောင်း လူ့ပြည်သို့ဆင်း၍ ရွှေပြားနှင့် ဟင်္သပြဒါးကို ကိုင်ဆောင်ကာ ရွာနိဂုံး မင်းနေပြည်တော်များသို့ လှည့်ပြီးလျှင် မြို့စောင့်နတ်၊ ရွာစောင့်နတ် စသည်တို့နှင့် တွေ့ဆုံမေးမြန်းလျက် ဤမည်သော ယောကျ်ားသည်၊ ဤမည်သော မိန်းမသည် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သည်၊ ငါးပါးသီလ စောင့်ထိန်းသည်၊ ဥပုသ်သီလစောင့်သည်၊ အမိ အဘလုပ်ကျွေးသည်၊ စေတီတော်အား ပန်းဆီမီးပူဇော်သည် စသည်ဖြင့် ရွှေပြား၌ရေး၍ ယူဆောင်ပြီးလျှင် ပဉ္စသိခနတ်သား ထက်သို့ ပေးအပ်ကြကုန်၏။ ပဉ္စသိခနတ်သားမှ မာတလိနတ်

သားလက်သို့ မာတလိနတ်သားမှ သိကြားမင်းသို့ ပေးအပ်လေသည်။

ဘုမ္မာနတ်သဘင် အစည်းအဝေးသို့ တက်ရောက်လာကြသော နတ်တို့သည် ရွှေပြားစာရင်း ပုရပိုက် ငယ်သည်ကိုမြင်လျှင် လူတို့သည် ကုသိုလ်ကောင်းမှု၌ မေ့လျော့နေကြပြီ၊ နတ်ပြည်မှာ ဆိတ်သုဉ်း၍ အပါယ်ဘုံ၌ ပြည့်ကြပ်နေတော့မည်ဟု စိတ်မကောင်းဖြစ်ကြလေသည်။ ရွှေပုရပိုက်ကြီးသည်ကိုမြင်လျှင် လူတို့သည် ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ကြပါတကား၊ နတ်ပြည်၌စည်ကား၍ အပါယ်လေးဘုံတွင် ဆိတ်သုဉ်းတော့မည်။ ဘုန်းကြီးသော နတ်သားများ ပါလာလျှင် နက္ခတ်သဘင်ကျင်းပ၍ ပျော်ရွှင်ရဦးတော့မည်ဟု ဝမ်းမြောက်ကြလေသည်။

သိကြားမင်းသည် ရွှေပုရပိုက်ကို ယူပြီးလျှင် ဖတ်ကြားလေသည်။ သိကြားမင်းအသံမှာ ရွှေဆည်းလည်းသံကဲ့သို့ သာယာသည်၊ နားဝင်ချိုသည်၊ ပကတိပြောဆိုသော အသံကို တဆယ့်နှစ်ယူဇနာက ကြားရသည်၊ အသံမြင့်၍ ကျယ်လောင်စွာ ပြောဆိုပါမူ တာဝတိံသာနတ်ပြည်တခုလုံး ဖုံးလွှမ်းသွားလေသည်။

## ကုဝေရနတ်မင်းကြီးဝတ္ထု

ဘုရားမပွင့်မီအခါက ပစ္စည်းဉစ္စာကြွယ်ဝသော ကုဝေရမည်သော ပုဏ္ဏားတယောက်သည် ကြံခင်းများကို စိုက်ပျိုးပြီးလျှင် ကြံရည်ကျိတ်စက် (၇)လုံးကို ဝယ်ယူ၍ ကြံရည်ဆိုင် (၇)ဆိုင် ဖွင့်လေ၏။ ကြံခင်းများမှ ရရှိသော ကြံတို့ကို ထိုကြံရည်ကျိတ်စက်များဖြင့် ကျိတ်ပြီးနောက် ရောင်းချလေ၏။ ထို

ကြံရည်ဆိုင်များအနက် ကြံရည်ဆိုင်တဆိုင်မှ ရရှိသော အမြတ် အစွန်းကို လာသာသမျှ လူအပေါင်းအား ပေးလှူ၍ ကုသိုလ် ကောင်းမှုကို ပြုလေ၏။ ထိုကုသိုလ်ကောင်းမှု ပြုလုပ်သော ကြံ ရည်ဆိုင်သည် အခြား ကြံရည်ဆိုင်များထက် အမြတ်အစွန်း ပိုမိုရရှိ၍ စီးပွားတိုးတက်လေ၏။

ထိုအကြောင်းကို သိရသော ကုဝေရပုဏ္ဏားသည် သဒ္ဓါ ကြည်ညိုစိတ် ထက်သန်ပြီးလျှင် အခြား ကြံရည်ဆိုင်များမှ ရရှိ သော အမြတ်အစွန်းတို့ကိုပါ အလှူဒါနပြုလေ၏။ ဤသို့လျှင် ကြံရည်ဆိုင် (၇) ဆိုင်မှ ရရှိသော အမြတ်အစွန်းတို့ကို အနှစ် နှစ်သောင်း ကာလပတ်လုံး လှူဒါန်းလေသည်။ ထိုကုသိုလ် ကြောင့် သေသောအခါ စာတုမဟာရာဇ်နတ်ပြည်၌ ကုဝေရ မည်သော နတ်မင်းဖြစ်လေသည်။ နောင်အခါ၌ ဝိသာဏမည် သော မင်းနေပြည်တော်၌ မင်းအဖြစ်ကို ရလေသောကြောင့် ဝေဿဝဏ်နတ်မင်းဟူ၍လည်း ခေါ်ကြ၏။ ဝေဿဝဏ်နတ် မင်းကြီးကား တင်းပုတ် သံချောင်းလက်နက်ရှိသည်၊ ပုထုဇဉ် ဘဝတုန်းက စိတ်ဆိုးလျှင် ထိုလက်နက်ဖြင့် ပစ်လိုက်သည်ရှိ သော် ဘီလူးဦးခေါင်းတထောင် ပြတ်ကျသည်၊ သောတာပန် ဖြစ်ပြီးနောက် ထိုလက်နက်ကို အသုံးမပြုတော့ချေ၊ ထိုဝေဿ ဝဏ် နတ်မင်းကြီးသည် သိကြားမင်းနှင့် အလွန်ချစ်ကျွမ်းဝင် ၏။ မြတ်စွာဘုရားနှင့်လည်း အကျွမ်းဝင်၏။ နတ်မင်းကြီး လေးပါး ဘုရားထံ ရောက်သောအခါ ဝေဿဝဏ်နတ်မင်းကြီး က ခေါင်းဆောင်၍ လျှောက်၏၊ အပြောအဆို လိမ္မာ၏၊ ရဲရင့်၏၊ ကောင်းစွာ သင်ထားပြီးသော အတတ်ပညာရှိ၏။

## ဇနဝသဘနတ်သားဝတ္ထု

ဇနဝသဘနတ်သားသည် အတိတ်ဘဝက ဗိမ္ဗိသာရမင်းကြီး ဖြစ်ခဲ့သည်။ မင်းကြီးသည် နတ်ရွာစံပြီးနောက် ဝေဿဝဏ် နတ်မင်းကြီး၏ အပေါင်းအဖော်အဖြစ်သို့ ရောက်လေသည်။ အထက် နတ်ပြည်တို့၌ ဖြစ်နိုင်သော်သည်း စာတုမဟာရာဇ် နတ်ပြည်မှ စုတေ၍ လူ့ပြည်၌ ခုနစ်ဘဝ၊ လူ့ပြည်မှစုတေ၍ စာတုမဟာရာဇ် နတ်ပြည်၌ ခုနစ်ဘဝ၊ ပေါင်း ဆယ့်လေးဘဝတို့ တိုင်တိုင် ဖြစ်ခဲ့ဖူးလေသည်။ ဝေဿဝဏ် နတ်မင်းကြီး၏ အပေါင်းအဖော်အဖြစ် ယခုအကြိမ်ပါ ခုနစ်ကြိမ်ဖြစ်လေ၏၊ အထက်နတ်ပြည်တို့၌ ဖြစ်နိုင်သော်လည်း ဤဌာနတို့၌ တွယ်တာမှု အားကြီး သောကြောင့် အထက် နတ်ပြည်၌ မဖြစ်ပဲ ဤ ဝေဿဝဏ် နတ်မင်းကြီး၏ အပေါင်းအဖော်အဖြစ်သို့ ရောက်လေသည်။ ဇနဝသဘဆိုသည်မှာ ဗိမ္ဗိသာရမင်း ဘဝက မြတ်စွာဘုရားထံမှ တရားတော်ကို နာယူရာတွင် အတူတကွ သောတာပန်တည်ကြသော လူပေါင်း တသိန်းတသောင်းတို့၏ အကြီးအမှူး သောတာပန် ဖြစ်ခဲ့သောကြောင့် ဇနဝသဘနတ်သား ဟူ၍ ခေါ်ဆိုလေသည်။

## လတာနတ်သမီးဝတ္ထု

လတာ နတ်သမီးသည် ဝေဿဝဏ် နတ်မင်းကြီး၏ သမီးတော်ဖြစ်၏၊ သဇ္ဇာ၊ ပဝရာ၊ အစ္စိမတီ၊ သုတာ- ဟူသော ညီမလေးဖော်ရှိ၏၊ သိကြားမင်းသည် ထိုနတ်သမီး ငါးဦးတို့ ကို ယူဆောင်၍ ကချေသည်အဖြစ်ဖြင့် အလုပ်အကျွေးအရာ၌

ထား၏၊ လတာနတ်သမီးသည် အဆိုအက၌ လိမ်မာကျွမ်းကျင်သဖြင့် အကြီးအမှူးဖြစ်လေ၏။

ထို နတ်သမီးတို့သည် တပေါင်းတည်းစု၍ ချမ်းသာစွာနေထိုင်ကြစဉ် အဆိုအကနှင့်ပတ်သက်၍ သူကကောင်းသည်-ငါကကောင်းသည်ဟု ငြင်းခုန်ကြ၏။ သို့နှင့် ဖခင်ဝေဿဝဏ်နတ်မင်းကြီးထံသွား၍ "ခမည်းတော်၊ သမီးတော် တို့တွင် အဘယ်သမီးတော်သည် ကခြင်း သီခြင်းစသည်တို့၌ အကောင်းဆုံးဖြစ်ပါသနည်း"ဟု မေးကုန်၏၊ ဝေဿဝဏ် နတ်မင်းကြီးက "ချစ်သမီးတို့၊ အနောတတ် ကမ်းပါး နတ်သဘင် အစည်းအဝေးသို့ သွားရောက်၍ သီဆိုကပြကြကုန်လော့၊ ချစ်သမီးတို့အား ထို နတ်သဘင် အစည်းအဝေး၌ နတ်သားတို့သည် လတာ နတ်သမီး ကခုန်သည်ရှိသော်မိမိတို့ နေမြဲတိုင်းနေရာ၌မတည်နိုင်ကြကုန်။ အားရရွှင်သန်း ရင်သပ်ရှုမော အံ့သြသောစိတ်ဖြစ်ကုန်၍ အစဉ်မပြတ် ကောင်းချီး ပေးကြကုန်၏။ ကျယ်လောင်စွာ ဟစ်ကြွေးကာ အဝတ်ပုဆိုးတို့ကို မြှောက်ပင့် ဝှေ့ယမ်းကြကုန်၏၊ ဟိမဝန္တာတတောလုံး တုန်လှုပ်သကဲ့သို့ ကြီးစွာသော အုတ်အုတ်ကျက်အသံဖြစ်လေ၏၊ လတာနတ်သမီးမှတပါးသော နတ်သမီးတို့ ကခုန်သောအခါကို၌မူ အလွန် အေးချမ်းသောအခါ၌ ဥသြငှက်ကဲ့သို့ တိတ်ဆိတ်စွာထိုင်နေကြကုန်၏။ ဤသို့လျှင် ထိုသီဆိုကပွဲ၌ လတာနတ်သမီး၏ ထူးခြားသော ထင်ရှားသော ကျော်ကြားမှုဖြစ်လေ၏။

ထိုအခါ၌ ညီမအငယ်ဆုံးဖြစ်သော သုတာနတ်သမီးသည် ဤအစ်မကြီး လတာသည် အဘယ် ကောင်းမှုကိုပြု၍ ငါတို့ကို အဆင်းဖြင့်လည်းကောင်း၊ အခြံအရံဖြင့်လည်းကောင်း လွှမ်းမိုး

၍ တည်သနည်း၊ ငါသည် အစ်မကြီးလတာကိုမေးအံ့ဟုကြံစည်ကာ လတာနတ်သမီးကို မေး၏၊ လတာနတ်သမီးသည် ရှေးလူဖြစ်စဉ်က စည်းစိမ်ကြွယ်ဝသော ယောက်ျားမအိမ်၌ နေလျက်မိဖ၊ယောက္ခမ၊ခဲအို၊လင်ယောကျ်ားတို့ကို ရိုသေလေးစားခြင်း၊ ချစ်ဖွယ်သော စကားကိုဆိုခြင်း၊အခြွေအရံအား ချီးမြှောက်မှု၌ လိမ္မာခြင်း၊ အိမ်ထောင်တာဝန် စွမ်းဆောင်နိုင်ခြင်း၊ အမျက်ထွက်လေ့မရှိ သီလအကျင့်နှင့် ပြည့်စုံခြင်း၊ပေးကမ်းဝေဖန်ခြင်း၌ မမေ့မလျော့ခြင်း၊ ငါးပါးသီလ လုံခြုံခြင်း၊ ဥပုသ်စောင့်သုံးခြင်း၌ မမေ့မလျော့ခြင်းတို့ကို ပြုလုပ်ခဲ့သည်ဟု ပြောပြလေသည်။

## တာဝတိံသာပြန် အမျိုးသမီး ဝတ္ထု

တာဝတိံသာ နတ်ပြည်မှ မာလဘာရီမည်သော နတ်သားတယောက်သည် အေးချမ်းအာယာစွာ နေလိုသဖြင့် နတ်သမီးတထောင် ခြံရံလျက် ပန်းဥယျာဉ် တွင်းသို့ ဝင်လေသည်၊ နတ်သမီးငါးရာတို့သည် သစ်ပင်ပေါ်တက်၍ ပန်းခူးကြကုန်၏၊ ကျန်သော နတ်သမီး ငါးရာကား ခူးချသောပန်းတို့ကို ကောက်ယူ၍ မာလာဘာရီနတ်သားအား ဆင်မြန်းပေးကြကုန်၏။ ပန်းခူးသော နတ်သမီးတို့တွင် နတ်သမီးတယောက်သည် ပန်းခူးယင်း သစ်ပင်ပေါ်၌ သေဆုံး၏။ အလောင်းကောင်မှာ ဆီမီးငြိမ်းသကဲ့သို့ ကွယ်ပျောက်သွားလေသည်။

ထို နတ်သမီးသည် သာဝတ္ထိမြို့သူ တယောက်၏ ဝမ်း၌ ပဋိသန္ဓေနေ၍ ဖွားမြင်သောအခါ ဇာတိဿရဉာဏ်ကိုရသဖြင့် မာလာဘာရီနတ်သား၏မယားဖြစ်ခဲ့ကြောင်း သိရှိကာ သတိရ

အောက်မေ့လေ၏။ ကြီးပြင်းလာသောအခါ ရတနာ သုံးပါး အား ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်၍ မာလာဘာရီနတ်သား ထံ ပြန်ရောက်ဖို့ရန် ဆုတောင်း၏၊ အသက်ဆဲ့ခြောက်နှစ်ရွယ် အိမ်ထောင်ကျ၍ လင့်အိမ်သို့ လိုက်နေရသော်လည်း ကုသိုလ် ကောင်းမှု ပြုသော အခါ လင်နတ်သားထံ ပြန်ရောက် ဖို့ရန် ဆုတောင်း၏၊ သို့ဖြစ်၍ ရဟန်းတော်များက ဤအမျိုးသမီး သည် ကုသိုလ်ကောင်းမှု ပြုတိုင်းပြုတိုင်း လင်ကို သာလျှင် ဆုတောင်း၏၊ထို့ကြောင့် ပတိပူဇိကာဟူ၍အမည်ပေးကြကုန်၏။

သို့နှင့်ပင် ထို ပတိပူဇိကာ၊ အမျိုးသမီးသည် ပထမ သား တယောက်၊ ဒုတိယသားတယောက်၊ တတိယသားတယောက်၊ စတုတ္ထသားတယောက်အားဖြင့် သားယောကျ်ား လေးယောက် ရရှိ၏။ တနေ့သောအခါ ပတိပူဇိကာသည် အလှူအတန်းပြုခြင်း၊ တရားတော်ကို နာယူခြင်း၊ ဥပုသ်သီလ စောင့်ထိန်းခြင်း တို့ကို ပြုလုပ်၍ ညချမ်းကာလ ရောက်သောအခါ တစုံတခုသော ရောဂါကြောင့် သေဆုံးပြီးလျှင် မာလာဘာရီ နတ်သားထံ ပြန်ရောက်သွားလေ၏။ နတ်သမီးများကား ပန်းခူးကြဆဲပင်။ မာလာဘာရီနတ်သားက အသင်နတ်သမီး စောစောက မမြင် ပါကလား၊ ဘယ်သွားနေသလဲဟုမေးရာ အရှင်၊ ကျွန်ုပ် သေ ဆုံးသွားပါသည်ဟု ပြော၏၊ အို....ဘယ်လိုပြောတာလဲ၊ သေ တယ်ဆိုတာဟုတ်ရဲ့လား ဟု ထပ်မေးပြန်ရာ ပတိပူဇိကာသည် ပန်းခူးယင်း သေဆုံးသွားရာမှစ၍ လူ့ပြည်၌ သားလေး ယောက် ရရှိခဲ့ပုံပါမကျန် အကြောင်းစုံ ပြန်ပြောလေ၏။

ထိုအခါ နတ်သားက လူတို့သည် အသက် ဘယ်လောက် ရှည်ကြသလဲဟု မေးရာ အနှစ်တရာလောက် ရှည်သည်ဟု

ပြော၏။ ဒါဖြင့် လူများဟာ ကုသိုလ်ကောင်းမှု မပြုလုပ်ကြဖူးလားဟုထပ်မေးပြန်ရာ အို....အရှင်၊ လူများဟာ ကိုယ့်ကိုယ်ကိုမအိုရတော့မှာလို၊ မသေရတော့မှာလို ထင်မှတ်ပြီး ကုသိုလ်ကောင်းမှု မလုပ်ပဲ မေ့မေ့လျော့လျော့ နေကြသူတွေသာများပါတယ်ဟု ပြော၏။

ထိုအခါ မာလာဘာရီ နတ်သားသည် သံဝေဂ ဖြစ်လျက်လူတို့၏ အနှစ်တရာသည် တာဝတိံသာနတ်သက် တရက်မျှသာရှိသည်၊ ဤမျှလောက်တိုတောင်းသောကာလအတွင်းလူတို့သည်ကုသိုလ်ကောင်းမှု မလုပ်ပဲ မေ့မေ့လျော့လျော့ နေကြခြင်းသည်အလွန်မသင့်လျော်ပါတကားဟု ပြောဆိုလေသည်။

## သုဗြဟ္မာနတ်သားဝတ္ထု

သုဗြဟ္မာနတ်သားသည် နတ်သမီးအပေါင်း ခြံရံလျက်နန္ဒဝန်ဥယျာဉ်သို့သွား၍ ပင်လယ်ကသစ်ပင်ရင်းတွင် ခင်းထားသော နေရာ၌နေ၏။ နတ်သမီး ငါးရာတို့သည် သစ်ပင်ပေါ်တက်၍ သာယာသော အသံဖြင့် သီချင်းတကျော်ကျော် သီဆိုကြကာ ပန်းများကို ခူးဆွတ်ကြလေ၏။ အခြား နတ်သမီးငါးရာတို့က ပန်းများကို ကောက်ယူကာ သီကုံးကြပြီးလျှင်သုဗြဟ္မာနတ်သားအား ပန်ဆင်ပေးကြကုန်၏၊ ယင်းသို့ ပျော်ရွှင်စွာနေကြစဉ် သစ်ပင်ပေါ်တက်၍ ပန်းခူးကြသော နတ်သမီးငါးရာတို့သည် ဥပစ္ဆေဒက (ကပ်၍ဖြတ်သော) ကံကြောင့်တပြိုင်နက် သေဆုံးကြပြီးလျှင် အဝီစိငရဲ၌ ဆင်းရဲကြီးစွာခံနေကြရကုန်၏။

ထိုအခါ သုပြဟ္မာနတ်သားသည် ပန်းခူးကြသော နတ်သမီးတို့၏ ဆိချင်းသံကိုလည်း မကြား၊ ပန်းများလည်း ဆွတ်ခူးပြီး မချသဖြင့် ဘယ်နေရာများ သွားနေကြပါလိမ့်မလဲ-ဟု ဆင်ခြင်ကြည့်ရှုသောအခါ အဝီစိငရဲ၌ ခံနေကြရသည်ကို မြင်၍ စိတ်မချမ်းသာ ပူဆွေးကောက ရောက်လေ၏။

ထိုနောက် ငါ့အသက်လည်း ဘယ်သောက်ကြာရှည် နေရဦးမည်နည်းဟု ဆင်ခြင်ကြည့်ရှုသောအခါ ခုနစ်ရက်မြောက်သောနေ့၌ မိမိနှင့် တကွကျန် နတ်သမီး ငါးရာပါ သေဆုံးကြပြီးလျှင် ထိုအဝီစိငရဲ၌ ခံကြရမည်ကို သိမြင်လေ၏၊ ထိုအခါ သုပြဟ္မာ နတ်သားသည် အလွန်အမင်း ထိတ်လန့်ကြောက်ရွံ့သော်၊ ငါ၏ ကြောက်ရွံ့ ထိတ်လန့်ခြင်းကို မြတ်စွာဘုရားမှတပါး မည်သူမျှ မပယ်ဖျောက်နိုင်၊ ဘုရားရှင်ထံ အလျင်အမြန်သွားမှ သင့်လျော်မည်ဟု ယူဆပြီး နတ်သမီး ငါးရာကိုပါခေါ်ဆောင်၍ မြတ်စွာဘုရားထံ သွားရောက်လေ၏။

“ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရှင်ပင်ဘုရား၊ မဖြစ်သေးသော ပြုဖွယ်ကိစ္စတို့ကြောင့်လည်းကောင်း၊ ဖြစ်ပြီးသော ပြုဖွယ်ကိစ္စတို့ကြောင့်လည်းကောင်း၊ အကျွန်ုပ်၏ စိတ်သည် အမြဲထိတ်လန့်နေပါ၏။ အမြဲတုန်လှုပ်နေပါ၏။ မထိတ်မလန့်ခြင်း၏အကြောင်း အကယ်၍ ရှိပါအံ့၊ ထိုမထိတ်မလန့်ခြင်း၏ အကြောင်းကို အကျွန်ုပ်အား ဟောကြားတော်မူပါဘုရား”ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အောက်ပါ နာညတြဂါထာကို ဟောကြားတော်မူ၏။ ဂါထာကို ဟောကြားတော်မူပြီးသောအဆုံး၌ သုပြဟ္မာနတ်သားသည် နတ်သမီး ငါးရာနှင့် တကွ

သောတာပတ္တိဖိုလ်၌ တည်လေ၏။ နတ်စည်းစိမ်လည်း အမြဲ တည်၍ နတ်ပြည်သို့ ပြန်သွားလေ၏။

## သုပြဟ္မာနတ်သားအား ဟောသောဂါထာ

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ-ပဿာမိ ပါဏိနံ။

ဗောဇ္ဈင်တရား ပွားများခြင်းကိုလည်းကောင်း၊ ခြိုးခြံသော အကျင့်ဂုဏ်ကိုလည်းကောင်း ဖယ်ထား၍ သတ္တဝါတို့၏ ကိုယ် စိတ်နှစ်ဖြာ ချမ်းသာရာ အခွင့်ကို ငါဘုရား မမြင်တော်မမူ။ စက္ခုန္ဒြေစသော ဣန္ဒြေခြောက်ခု စောင့်စည်းမှုကို ဖယ်ထား၍ သတ္တဝါတို့၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာအခွင့်ကို ငါဘုရား မြင်တော်မမူ။ အလုံးစုံ ငြီးတွယ်ခြင်း ကင်းသော နိဗ္ဗာန်ကို ဖယ်ထား၍ သတ္တဝါတို့၏ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရာအခွင့်ကို ငါဘုရားသည် မြင်တော်မမူ။

[ဤဂါထာဖြင့် သစ္စာပြုဆုတောင်းလိုလျှင် ဂါထာ၏ အဆုံး၌ "ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ မေ ဟောတု သဗ္ဗဒါ" ဟူသော ပါဌ်ကို ထည့်ဆို၍ "ဤသို့ မှန်စွာဆိုခြင်းကြောင့် အကျွန်ုပ်အား ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်း ဖြစ်ပါ စေသတည်း" ဟု မြန်မာပြန်လေ။]

## အကိုရနှင့် ဣန္ဒက နတ်သားဝတ္ထု

မြတ်စွာဘုရားသခင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ တရားဟောရန် ကြွလာတော်မူသောအခါ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့သည် အဖူးအမြော် ရောက်လာကြကုန်၏။

ထိုနောက် တန်ခိုးကြီးသော နတ်ပြဟ္မာတို့ ရောက်လာကြရာ အင်္ကုရနတ်သားသည် နေရာမှ ထပေးရသဖြင့် မြတ်စွာဘုရားနှင့် တဆဲ့နှစ်ယူဇနာမျှ ဝေးကွာသော အရပ်သို့ ရောက်လေ၏။ ဣန္ဒကနတ်သားမှာမူ နေရာမှ မထရသဖြင့် ဘုရားအနီး၌ပင် ရှိလေ၏။

ဤသို့ ဖြစ်ရခြင်းအကြောင်းမှာ အင်္ကုရနတ်သားသည် အတိတ်ဘဝက မဇ္ဈိမဒေသကို အုပ်စိုးသော မင်းဖြစ်၍ အနှစ်တသိန်း ကာလပတ်လုံး တဆဲ့နှစ်ယူဇနာရှိသော အရပ်ကို ခုံလောက်ချင်း စပ်စေလျက် အလှူကြီးကို ပေးခဲ့သော်လည်း သာသနာတော်တွင်း၌ မကြုံ၍ သရဏဂုံငါးပါးသီလတည်သော အလှူခံကိုမျှမရ ညံ့စွာသော အလှူခံပုဂ္ဂိုလ်တို့ကိုသာ လှူရသောကြောင့် အကျိုးပေးနည်း၍ တန်ခိုးကြီးသော နတ်တို့လာလျှင် ရှောင်ခွါ၍ နေရာမှ ဖယ်ပေးရလေသည်။

ဣန္ဒကနတ်သားမှာမူ အတိတ်ဘဝ-လူဖြစ်သောအခါက အရှင်အနုရုဒ္ဓါရဟန္တာ မထေရ်မြတ်အား တထပ်စာသောဆွမ်းကို လှူဒါန်းရသော်လည်း သီလဝန်-ဂုဏဝန် ပုဂ္ဂိုလ်မွန် အလှူခံနှင့်ကြုံ၍ ပြည့်စုံသော အကျိုးရှိရကား သူတပါးကို ကြောက်ရွံ့ခြင်းမရှိ၊ ပကတိနေနိုင်လေသည်။ ထိုကြောင့်—

"ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ"-

ဟူ၍ ဟောတော်မူသည်။

ဝိစေယျ၊ အလှူခံမြတ် ရွေးချယ်လတ်၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။ ယတ္ထ၊ အကြင်မြတ်သော အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ၊ ပေးအပ်သော အလှူသည်။ မဟပ္ဖလံ၊ ကြီးသော အကျိုးရှိ၏ဟု ဟောတော်မူသည်။

## ပဥ္စသီခနတ်သား ဝတ္ထု

ပဥ္စသီခနတ်သားသည် အတိတ်ဘဝက လူ့ပြည်၌ ဦးစွန်းငါးခုရှိသော၊ နောက်သို့လွတ်သော ဆံစည်းငါးခုရှိသော လူငယ်တယောက် ဖြစ်ခဲ့သည်၊ ကိုယ်လုံးကိုယ်ပေါက် ဖြောင့်၍ ရုပ်အဆင်းနှင့် တင့်တယ်ပြည့်စုံသဖြင့် နှစ်လိုဖွယ်ရှိ၏။ နွားကျောင်းသား လူငယ်ဖြစ်၍ အကြီးအကဲလည်း ဖြစ်လေ၏။ သူသည် အခြားလူငယ်များကို ခေါ်၍ ရွာပြင်သို့ သွားကြပြီးလျှင် ခရီးလမ်း လေးခွဆုံရာ၌ လူအများ တည်းခိုနေထိုင်ရန် ဇရပ်ဆောက်လုပ်၏၊ ရေကန်တူးလှူ၏၊ တံတားခင်း၏၊ ချိုင့်ဝှမ်းနေသော လမ်းများကို ညီညွတ်အောင် ပြုလုပ်၏၊ လှည်းရထားသွား လမ်းများ၌ ဝင်ရိုးဖြင့် မလွတ်သော သစ်ပင်များကို ခုတ်လှဲရှင်းပစ်၏၊ ဤကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ယင်း ငယ်ရွယ်စဉ်ကပင် သေဆုံးသွား၏၊ သေပြီးသည်နောက် စာတုမဟာရာဇ်ဘုံတွင် အနှစ်ကိုးသန်း အသက်ရှည်မည့် နတ်သားဖြစ်သော၏။ ထိုနတ်သား၏ ခန္ဓာကိုယ်မှာ သုံးဂါဝုတ်ပမာဏရှိ၏။ ရွှေတုံးနှင့်တူ၍ တင့်တယ်လှပ၏၊ ထိုနတ်သားသည် လှည်းအစီးတထောင်တိုက်မျှရှိသော နတ်ဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ (၉) ကုမ္ဘ (ဆယ်တင်း)မျှရှိသော နံ့သာတို့ကို လိမ်းကျံ၍ နီမြန်းသော နတ်ဝတ်ပုဆိုးကို ဝတ်ဆင်လျက် နီမြန်းသော ရွှေနားတောင်းကို ပန်ဆင်၍ ကျောကုန်း၌ရောက်သော ဆံစည်းငါးခုတို့ဖြင့် ဦးစွန်းငါးခုရှိသော လူငယ်အသွင်ဖြင့်သာလျှင် လှည့်လည်သွားလာ၏၊ ထိုကြောင့် ထိုနတ်သားကို ပဥ္စသီခနတ်သားဟူ၍ ခေါ်ကြကုန်၏၊ ထို ပဥ္စသီခနတ်သားသည် နောင်အခါ၌ ဗေလုဝစောင်းတော်ရှင် ပဥ္စသီခနတ်သားဟူ၍ ဒေဝ

လောကဌ် ထင်ပေါ် ကျော်ကြားသော အနုပညာရှင်ကြီးတဦး ဖြစ်လေ၏။

သူ၏ ကြင်ယာတော်ကား ကိမ္ဗရုနတ်မင်းကြီး၏ သမီးတော် အလုဘုရင်မတဦး ဖြစ်သူ အနုပညာရှင် သူရိယဝစ္ဆသာ နတ်သမီး ဖြစ်လေသည်။

သူရိယဝစ္ဆသာဆိုသည်မှာ တက်သစ်သော နေဝန်းအရောင်နှင့်တူသော ကိုယ်အရောင် ရှိသောကြောင့် သူရိယဝစ္ဆသာ နတ်သမီးဟူ၍ ခေါ်ဆိုလေသည်။

## ဗေလုဝနတ်စောင်း

ဗေလုဝနတ်စောင်းသည် ဥသျှစ်သီးမှည့်ကဲ့သို့ ဖျော့တော့သော အဆင်းရှိ၏။ စောင်းခွက်ကို ငွေဖြင့်ပြုလုပ်၏။ စောင်းလက်ရိုးကို ဣန္ဒနီလာ ပတ္တမြားညိုဖြင့် ပြုလုပ်၏၊ စောင်းညှို့တို့ကို ငွေဖြင့် ပြုလုပ်ကုန်၏။ စောင်းညှို့ကို ဖွဲ့ခြင်း နှိပ်ခြင်းငှာထားသော ကြိုးငယ်တို့ကို သန္တာဖြင့် ပြုလုပ်ကုန်၏။ စောင်းခွက်သည် တဂါဝုတ်ရှိ၏၊ စောင်းညှို့ဖွဲ့ရာ အရပ်သည် တဂါဝုတ်ရှိ၏၊ အထက်စောင်းလက်၌ တပ်သောအထွတ်သည် တဂါဝုတ်ရှိ၏။ ဤသို့လျှင် စောင်းသည် သုံးဂါဝုတ် ပမာဏရှိ၏။ ပဉ္စသိခ နတ်သားသည် ထိုစောင်းကိုယူ၍ ငါးဆယ်မျှလောက်သော အသံတို့ကို လွှတ်၏၊ ဝါ-ငါးဆယ်မျှ လောက်သော စောင်းချင်းတို့ကို တီး၏၊ လက်သည်းဖျားတို့ဖြင့် ခတ်၏၊ သာယာသော သီချင်းသံကိုလည်း သီဆိုလေ၏။ လက်သည်းဖျားတို့ဖြင့် တကြိမ်တီးခတ်သော ချိုသာသော စောင်းသံသည် လေးလကြာအောင် အသံမစဲ မြည်လေ၏။

## သိကြားမင်းဝတ္ထု

သိကြားမင်းသည် မာဃလုလင်ဖြစ်စဉ်က ကောင်းမှုပြုဘက် သုံးကျိပ် သုံးယောက်သော သူတို့နှင့် လမ်းပြင်ခြင်း, တံတား ခင်းခြင်း, ရေတွင်း ရေကန်တူးခြင်း စသော ကုသိုလ်ကောင်းမှု များကို ပြုလုပ်ခဲ့၍ သေသောအခါ တာဝတိံသာနတ်ပြည်သို့ သူ၏ ပရိသတ်နှင့်အတူ ရောက်လာသည်၊ တာဝတိံသာနတ် ပြည်၌ ရှိနေကြသော နတ်တို့သည် သေရည်သောက်စားသူများ ဖြစ်သောကြောင့် နတ်များ သေရည်သောက်ပြီး မူးယစ်နေ ကြစဉ် သိကြားမင်း အမှူးရှိသော ပရိသတ်က ခြေနှစ်ချောင်း ကိုင်ဆွဲပြီး မြင်းမိုရ်တောင်အောက်သို့ ပစ်ချလိုက်ကြလေသည်၊ ဦးခေါင်းအောက်ထိုး ခြေကား မိုးမျှော်ကျကုန်၏။

ထိုနတ်တို့သည် မြင်းမိုရ်တောင် အလယ်သို့ ရောက်မှ သတိရ ကြ၍ အမောင်တို့၊ ငါတို့ကား သေရည်ကို မသောက်ကြကုန်အံ့ ဟု ဆိုကုန်၏၊ ထိုအခါမှစ၍ အသုရာနတ်ဟူသော အမည်တွင် လေ၏။

မာဃလုလင်ဘဝက သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာ၊ သုဇာတာ ဟူ၍ မယားလေးယောက် ရှိသည့်အနက် သုဇာတာ မယား သည် ကုသိုလ်ကောင်းမှု မပြုသောကြောင့် တာဝတိံသာသို့ မပါလာပဲ လူ့ပြည်တွင် ငှက်ဗျိုင်းမဖြစ်ပြီး ကျန်ရစ်ခဲ့၍ သိကြားမင်းသည် ယင်း ဗျိုင်းမငယ်အား သီလစောင့်စေခြင်း၊ ဗျိုင်းမငယ်ဘဝမှ အိုးထိန်းသည်သမီး ဘဝသို့ ရောက်သော အခါ၌လည်း သီလ လုံခြုံစေခြင်းတို့ဖြင့် အသုရာ နတ်မင်းကြီး၏ သမီးတော် သုဇာတာ နတ်သမီးဘဝသို့ရောက်အောင် ကယ်တင်

စောင့်ရှောက်လေသည်။ ထိုမှနောက်၌ သုဇာတာ နတ်သမီး၏ ပန်းကုံးစွပ်ပွဲတွင် အသုရာနတ် အဖိုးအိုယောင်ဆောင်၍ ပန်းကုံး စွပ်ခံယူပြီး သုဇာတာ နတ်မီးအား တာဝတိံသာ နတ်ပြည်သို့ သိန္ဓောမြင်း တထောင်ကသော ဝေဇယန္တာ ရထားဖြင့် ယူဆောင်ခဲ့လေသည်၊ ရောက်သောအခါ နှစ်ကုဋေ ငါးသန်း သော နတ်သမီးတို့၏ အကြီးအမှူးအရာ၌ ထားလေ၏။

သိကြားမင်းမှာ နတ်မိဖုရားကြီးပေါင်း တသောင်းခြောက် ထောင် ရှိသည်၊ သားတော်များလည်း တထောင် ရှိသည်၊ စာတုမဟာရာဇ် နတ်ပရိသတ်နှင့် တာဝတိံသာ နတ်ပရိသတ် များကိုလည်း အစိုးရသည်၊ ယူဇနာ တသောင်း ကျယ်သော တာဝတိံသာနတ်ပြည်၊ ယူဇနာတထောင် အမြင့်ဆောင်သော ဝေဇယန္တာ ဘုံနန်းပြာသာဒ်၊ အစောက်ယူဇနာ ငါးရာရှိသော သုဓမ္မာ နတ်သဘင်၊ ယူဇနာသုံးရာ အဝန်းရှိသော ပင်လယ် ကသစ်ပင်၊ ယူဇနာ ခြောက်ဆယ်ရှိသော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၊ ယူဇနာ တထောင် ကျယ်ဝန်းသော နန္ဒဝန် ဥယျာဉ်၊ ယူဇနာ ငါးရာ ကျယ်ဝန်းသော စိတ္တလတာဥယျာဉ်၊ ယူဇနာ ငါးရာ ကျယ်ဝန်းသော မိဿကဥယျာဉ်၊ ယူဇနာ ခုနစ်ရာ ကျယ်ဝန်းသော ဖာရုသကဥယျာဉ်၊ လှပဆန်းကြယ် နှစ်သက်ဖွယ်ရာ နန္ဒာရေကန် အစရှိသော စည်းစိမ်များကို ရရှိခံစားသည်၊ သိကြားမင်း၌ ဝရဇိန်လက်နက်လည်း ရှိသည်၊ စိတ်ဆိုးသောအခါ ထိုလက်နက်ဖြင့် မြင်းမိုရ် တောင်ထိပ်မှ ပစ်ခွင်းလိုက်သည် ရှိသော် ယူဇနာ တသိန်းခြောက်သောင်း ရှစ်ထောင်ရှိသော မြင်းမိုရ်တောင်ကို ဖောက်ခွဲ၍ အောက် အပြင်သို့ ထွက်သွားလေသည်။

တနေ့သောအခါ သိကြားမင်းအား သေခြင်း နိမိတ်ငါးပါး ထင်လာသဖြင့် ထိတ်လန့်ကြောက်ရွံ့လေ၏။ ထိုအခါ သိကြားမင်းသည် တာဝတိံသာနတ်ပေါင်း ရှစ်သောင်းခြံရံ၍ ပဉ္စသိခ နတ်သားကို ခေါ်ဆောင်ပြီးလျှင် မြတ်စွာဘုရားရှိရာ ရာဇဂြိုဟ်ပြည် ဝေဒိယကတောင်သို့ သွားလေ၏။ ရောက်သောအခါ ဘုရားရှင်ထံ ဖူးမြော်ခွင့်တောင်းရန် ပဉ္စသိခနတ်သားကို ရှေးဦးစွာ စေလွှတ်၏။ ပဉ္စသိခ နတ်သားလည်း ဗေလုဝစောင်းကို ပိုက်ကာသွား၍ မြတ်စွာဘုရား ကြားတော်မူလောက်ရာအရပ်မှ စောင်းတီးကာ သီဆိုလေ၏။ ဘုရားရှင်သည် စောင်းသံကို ကြားတော်မူသောအခါ ပဉ္စသိခ နတ်သားအား စောင်းသံနှင့် သီချင်းသံ၊ သီချင်းသံနှင့် စောင်းသံ တညီတည်း တထပ်တည်း ကျကြောင်း မိန့်ကြားတော်မူ၏။

ထိုအခါ ပဉ္စသိခနတ်သားက မိမိသည် စောင်းတီးကောင်းသူ တဦးဖြစ်သော်လည်း သူရိယဝစ္ဆသာ နတ်သမီးသည် မိမိအား မကြိုက်ပဲ ရထားထိန်း မာတလိ၏သား သိခဏ္ဍီ နတ်သားကို ကြိုက်ကြောင်း စသည်ဖြင့် ပြောကြားနေစဉ် သိကြားမင်းက အမောင် ပဉ္စသိခ၊ မြတ်စွာဘုရားအား လျှောက်ထားပါလော့ ဟု သတိပေးမှ ပဉ္စသိခနတ်သားသည် ဘုရားရှင်အား သိကြားမင်းက ဖူးမြော်လိုကြောင်း လျှောက်ထားလေသည်။ ထိုအခါ ဘုရားရှင်လည်း ခွင့်ပြုတော်မူလေသည်၊ သို့နှင့်ပင် သိကြားမင်းသည် နတ်ပရိသတ်နှင့်အတူ ဘုရားရှင် သီတင်းသုံးရာ ဣန္ဒသာလ လိုဏ်ဂူသို့ ဝင်လေ၏။ ထိုနောက် သိကြားမင်းသည် မြတ်စွာဘုရားနှင့် အာလာပ သလ္လာပ ပြောဆိုပြီးလျှင် တရားနှင့် ပတ်သက်၍ တဆဲ့လေးချက်သော ပြဿနာများကို မေးမြန်း

လျှောက်ထားလေသည်။ မြတ်စွာဘုရားလည်း ရှင်းလင်းဖြေကြားတော်မူသည်။ အဖြေကို ကြားနာရပြီးသော အဆုံး၌ ရှစ်သောင်းသော ပရိသတ်နှင့်တကွ သိကြားမင်းသည် သောတာပန် တည်လေ၏။ ထိုနေရာ၌ပင် သိကြားမင်း အသစ်ပြန်ဖြစ်လေ၏။ သိကြားမင်းဘဝ ပြောင်းလဲသည်ကို သိကြားမင်းနှင့် ဘုရားမှတပါး မည်သူမျှ မသိကြဟုဆို၏။

ထိုအခါ သိကြားမင်းသည် ပဉ္စသိခနတ်သားအား ဘုရားရှင်ထံ ဖူးမြော်ခွင့်ရအောင် ဆောင်ရွက်ပေးသည့် အတွက် ကျေးဇူးများသဖြင့် အမောင်ပဉ္စသိခ၊ သင့်အား သင့်အဘ ရာထူး၌လည်း ထားမည်၊ ဂန္ဓဗ္ဗနတ်မင်းလည်း သင်ဖြစ်မည်၊ သင်အလွန်တောင့်တသော သူရိယဝစ္ဆသာ နတ်သမီးကိုလည်း ပေးမည်ဟု မိန့်ကြားလေသည်။ ထိုနောက် နတ်တို့အရှင် သိကြားမင်းသည် လက်ဖြင့် မြေကိုပုတ်၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု သုံးကြိမ် ဥဒါန်းကျူးရင့်၏၊ ဗုဒ္ဓဘာသာဝင် အပေါင်းတို့တွင် "နမော တဿ"ပါဠိတော်ကို ရှေးဦးစွာ ရွတ်ဆိုသောသူသည် သိကြားမင်း ဖြစ်လေ၏။

သိကြားမင်းသည် ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်မည့်သူ ဖြစ်သည်၊ လူသားတို့၏ အကျိုးစီးပွားကိုလည်း အလွန် လိုလားသည်၊ လူ့ပြည်၌ သီလ,သမာဓိနှင့် ပြည့်စုံသော ရဟန်းတို့ကို လည်းကောင်း၊ လူဝတ်ကြောင်ထဲမှ ကုသိုလ်ကောင်းမှုပြုခြင်း၊ သီလရှိခြင်း၊ ရတနာသုံးပါး ဆည်းကပ်ခြင်း၊ တရားနှင့်အညီ သားမယားကို လုပ်ကျွေးမွေးမြူခြင်း၊ ဤကျင့်ဝတ် လေးပါးနှင့်

ပြည့်စုံသော သူတို့ကိုလည်းကောင်း တာဝတိံသာ နတ်ပြည်မှ နေ၍ ရှိခိုးသည်ဟု ဆို၏။

### သိကြားဖြစ်ကြောင်း ကျင့်ဝတ် (၇) ပါး

မိဘပြုစု၊ ကြီးသူ့ကျိုးနွံ၊ နူတ်သံညက်သော၊ ကုန်းမချောတည့်၊ နှမြောမနှောင့်၊ သစ္စာစောင့်လျက်၊ အမျက်နည်းစွာ၊ ခုနစ်ဖြာသည်။ နောင်ခါ သိကြား ဖြစ်ကြောင်းတည်း။

၁။ တသက်လုံး—မိဘကို လုပ်ကျွေးရာ၏။

၂။ တသက်လုံး— အမျိုး၌ ကြီးသော မိကြီး မိထွေး၊ ဘကြီး ဘထွေး စသည်တို့ကို ရိုသေလေးစားရာ၏။

၃။ တသက်လုံး—နူးညံ့သိမ်မွေ့ ပြေပြစ်သော စကားကို ပြောဆိုရာ၏။

၄။ တသက်လုံး— ချောပစ် ကုန်းတိုက်သော စကားကို မပြောမဆိုရာ။

၅။ တသက်လုံး—နှမြောဝန်တိုမှု မရှိရာ။

၆။ တသက်လုံး—မှန်ကန်သော စကားကို ပြောဆိုရာ၏။

၇။ တသက်လုံး -အမျက်ဒေါသ နည်းရာ၏။

သိကြားမင်း ဖြစ်လိုသော သူသည် အဆိုပါ ကျင့်ဝတ် ခုနစ်ပါးနှင့် ပြည့်စုံအောင် ကြိုးစား အားထုတ်ရာသတည်း။

## အနေကဝဏ္ဏနတ်သား ဝတ္ထု

အနေကဝဏ္ဏ နတ်သားသည် ရှေးဘဝ ကမ္ဘာသုံးသောင်း အခါက သုမေဓာ မြတ်စွာဘုရား၏ သာဝကဖြစ်စဉ် ခုနစ်နှစ် ပတ်လုံး ရဟန်းပြုခဲ့ဖူး၏၊ ဘုရား ပရိနိဗ္ဗာန်စံတော်မူသော အခါ စေတီတော်ကို ရှိခိုးပူဇော်လျက် စေတီယင်ပြင်၌ တံမြက် လှည်းခြင်း၊ သီလဆောက်တည်ခြင်းတို့ဖြင့် စိတ်ကြည်လင်စေခဲ့ သောကြောင့် အဆင်းအမျိုးမျိုးတို့ဖြင့် ဆန်းကြယ်သော ဘုံဗိမာန်၌ သုနိမ္မိတာ နတ်မင်းကြီးကဲ့သို့ မွေ့လျော်ခံစားရ၏၊ သိကြားမင်းသည် အရှင်မဟာကဿပအား ဆွမ်းလောင်းလှူ စဉ်က စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏ နတ်သားတို့သည် မိမိထက် တန်ခိုးအာနုဘော် သာလွန်ကြောင်း လျှောက်ထားခဲ့ဖူးသည်၊ ဤနတ်သား သုံးယောက်တို့သည် လည်း ဘုံစဉ်စံပြီး နိဗ္ဗာန်ဝင်မည့် သောတာပန်နတ်သားများ ဖြစ်ကြလေသည်၊ ယခုအခါ တာဝတိံသာ နတ်ပြည်၌ ရှိကြ ကုန်၏။

## ရာဟုအသုရိန်နှင့် ဘုရားရှင်ဝတ္ထု

ရာဟုမည်သော အသုရိန်သည် အသုရာနတ်ပြည်မှ ခန္ဓာ ကိုယ် ကြီးမားသော နတ်သားကြီးတယောက် ဖြစ်သည်၊ အတိုင်းအထွာကား ယူဇနာလေးထောင့်ရှစ်ရာ အရပ်မြင့်သည်၊ လက်မောင်းနှစ်ဖက်အကြားမှာ ယူဇနာတထောင့်နှစ်ရာရှိသည်၊ လုံးပတ်အားဖြင့် ယူဇနာခြောက်ရာရှိသည်။ သားမြတ်နှစ်ဖက် အကြားမှာ ယူဇနာခြောက်ရာရှိသည်။ လက်ဖဝါး ခြေဖဝါး အပြင်တို့မှာ ယူဇနာ သုံးရာရှိကုန်၏။ လက်ချောင်း လက်ဆစ်

တခုသည် ယူဇနာငါးဆယ်ရှိ၏၊ မျက်မှောင်နှစ်ဖက်အကြားမှာ ယူဇနာငါးဆယ်ရှိသည်၊ နဖူးပြင်မှာ ယူဇနာသုံးရာရှိသည်၊ ဦးခေါင်းမှာ ယူဇနာ ကိုးရာရှိသည်၊ ခံတွင်းမှာ ယူဇနာနှစ်ရာ ရှိသည်၊ အစောက်ယူဇနာ သုံးရာရှိသည်။ အဝန်းယူဇနာ သုံးရာ ရှိသည်၊ ရာဟုအသုရိန်နတ်ကြီးသည် မဟာသမုဒ္ဒရာသို့ သက်ဆင်းသော် ရေသည် ဒူးလောက်သာ နက်၏။

ထိုရာဟုအသုရိန်သည် ငါသည် အရပ်မြင့်၏၊ မြတ်စွာဘုရားကို ကိုင်းညွတ်၍ ကြည့်ရှုရန် မတတ်နိုင်ဟု ကြံအောက်မေ့လျက် ဘုရားရှင်ထံ မသွားပဲ နေ၏။ တနေ့သောအခါ ထိုရာဟုအသုရိန်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးစကားကို ကြား၍ ဤကြားသော ဂုဏ်ကျေးဇူးစကားအတိုင်းဆိုလျှင် ကြည့်ဖြစ်အောင် ကြည့်ရှုအံ့ဟု သွားလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရာဟုအသုရိန်၏ အလိုဆန္ဒကို သိတော်မူ၍ ဣရိယာပုထ်လေးပါးတို့တွင် အဘယ်ဣရိယာပုထ်ဖြင့် ပြတော်မူရမည်နည်းဟု ကြံတော်မူ၏၊ ရပ်နေသောသူ မည်သည်ကား နိမ့်သော်လည်း မြင့်သကဲ့သို့ ထင်ရ၏၊ ရာဟုအသုရိန်အား လျောင်းတော်မူလျက်သာလျှင် ကိုယ်တော်ကို ပြအံ့ဟု ကြံတော်မူ၍ အရှင်အာနန္ဒာမထေရ်အား အာနန္ဒာ၊ ဂန္ဓကုဋီပရိဝုဏ်၌ ညောင်စောင်းကို ခင်းလော့ဟု မိန့်တော်မူ၏။ ထိုညောင်စောင်း၌ မြတ်စွာဘုရားသည် ကေသရာဇာခြင်္သေ့မင်း၏ အိပ်ခြင်းနှင့် တူသော လည်းလျောင်းခြင်းကို ပြုတော်မူ၏။

ရာဟုအသုရိန်သည် လာလတ်၍ လျောင်းတော်မူသော မြတ်စွာဘုရား၏ လည်တော်ကို ကောင်းကင်လယ်၌ရှိသော

လပြည့်ဝန်းကို ကြည့်သကဲ့သို့ အထက်သို့ မော့လျက် မျှော်ကြည့်ရလေ၏။ ထိုအခါ ဘုရားရှင်က ''ရာဟုအသုရိန်၊ မည်သို့ကြည့်ရှုရလေသနည်း''ဟု မိန့်တော်မူရာ မော့၍ ကြည့်ရပါသည် ရှင်ပင်ဘုရား၊ ယခင်က အရှင်ဘုရားကို ကိုင်းညွှတ်၍ ကြည့်ရှုရန် မတတ်နိုင်ဟု ထင်သောကြောင့် မလာပဲ နေပါသည်ဟု ဆိုလေ၏။

ရာဟုအသုရိန်၊ ငါဘုရားသည် မျက်နှာအောက်ချ၍ ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့သည်မဟုတ်၊ မျက်နှာမော့လျက် အလှူဒါနကို ပေးလှူတော်မူခဲ့၏ဟု မိန့်တော်မူ၏၊ ထိုနေ့၌ပင်လျှင် ရာဟုအသုရိန်သည် မြတ်စွာဘုရားအား ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်လေသတည်း။

ထိုရာဟုအသုရိန်ကြီးကား ရင့်မာတကျိပ်၌ ပါဝင်သောနာရဒဘုရားအလောင်းတော်ဟု အနာဂတဝင်ကျမ်း၌ ဆို၏။

## ရာဟုအသုရိန်နှင့် လ နေ နတ်သားများဝတ္ထု

တခါက ရာဟုအသုရိန်နတ်သည် လနတ်သားကို ဖမ်းယူ၏၊ လနတ်သားသည် ထိတ်လန့်ကြောက်ရွံ့သဖြင့် မြတ်စွာဘုရားကို အောက်မေ့ပြီး အောက်ပါဂါထာကို ရွတ်ဆိုတမ်းတ၏–

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ ရှင်ပင်ဘုရားအား ရှိခိုးပါ၏ ဘုရား၊ ရှင်ပင်ဘုရားသည် အရာခပ်သိမ်း၌ဘေးရန် အတန်တန်မှ လွတ်မြောက်တော် မူ၏။ တပည့်တော်

သည် ကျဉ်းမြောင်း ခက်ခဲ ဆင်းရဲခြင်းသို့ ရောက်နေ ပါ၏။ ရှင်ပင်ဘုရားသည် တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်တော်မူပါ ဘုရား။

ထိုအခါ မြတ်စွာဘုရားသည် ရာဟုအသုရိန်ကို ဤဂါထာဖြင့် မိန့်ဆို၏။

တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

ရာဟုအသုရိန်၊ လနတ်သားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားကို ကိုးကွယ်၏။ ရာဟုအသုရိန်၊ လနတ်သားကိုလွှတ်လော့၊ မြတ်စွာဘုရားတို့သည် လူနတ်တို့ကို အစဉ်သနားတော်မူကုန်၏။

ထိုအခါ ရာဟု အသုရိန်သည် လနတ်သားကို လွှတ်၍ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ဝေပစိတ္တိအသုရာထံသို့ အမြန် သွားလျက် တခုသော နေရာ၌ တုန်လှုပ်စွာ ရပ်တည်နေ၏။

ဝေပစိတ္တိအသုရိန်က ရာဟုအသုရိန်၊အဘယ့်ကြောင့် လနတ်သားကို အဆောတလျင် လွှတ်ခဲ့သနည်း ထိတ်လန့်ကြောက်ရွံ့စွာဖြင့် အဘယ့်ကြောင့် ရပ်နေသနည်းဟုဆိုရာ—

ဝေပစိတ္တိအသုရိန်၊ ငါသည် မြတ်စွာ ဘုရား ဂါထာကို အလွန်ကြောက်ရွံ့၏။ လနတ်သားကို အကယ်၍ မလွှတ်အံ့။ ငါ၏ ဦးခေါင်းသည် ခုနစ်စိပ်ကွဲရာ၏၊ အသက်ရှင်သော ငါသည် ချမ်းသာသုခကို မရရာဟု ဆို၏။

ရာဟု အသုရိန်သည် နေနတ်သား ကိုလည်း လနတ်သား နည်းတူ တခါက ဖမ်းယူ၏၊ ထိုနည်းတူပင် ပြန်လွှတ်ရ၏။ လနတ်သား နေနတ်သားတို့သည် မဟာသမယသုတ် ဟောတော်မူစဉ်က သောတာပန် ဖြစ်ခဲ့ကြ၏။ ထို ရာဟုအရိန်သည် တင့်တယ်လှသော လနေတို့ကို မြင်သောအခါ မနာလိုဝန်တိုစိတ်ရှိသဖြင့် လနေတို့ သွားရာလမ်း၌ သူ၏ အလွန်ကျယ်သော ခံတွင်းကို ဟ၍ ရပ်နေ၏၊ လဗိမာန် နေဗိမာန်တို့သည် ယူဇနာ သုံးရာရှိသော နရက်ချောက်ကြီး၌ ကျသကဲ့သို့ဖြစ်ကုန်၍ လနတ်သား နေနတ်သားတို့သည် အလွန်ကြောက်လှန့် မြည်တမ်း အော်ဟစ်ကြလေသည်။

ရာဟုအသုရိန်သည် လဗိမာန် နေဗိမာန် တို့ကို တခါတရံ လက်ဖြင့် ဖုံးအုပ်ထား၏၊ တခါတရံ မေးအောက်၌ ညှပ်ထား၏၊ တခါတရံ လျှာဖြင့်လျက်၏၊ တခါတရံ အလုပ်အလွေးပြု၍ စားမည်ကဲ့သို့ ပါးစောင်တွင်း၌ ငုံထား၏၊ ဤကဲ့သို့ ဖမ်းဆီးချုပ်နှောင်သော်လည်း လနေတို့ သွားနေသော အဟုန်ကို မတားမြစ်နိုင်၊ အကယ်၍ မသွားနိုင်အောင် တားမြစ် မည်ဟု ပါးစောင်၌ ငုံထားအံ့၊ အိုင်းအနာကြီးဖြစ်၍ တည်စေပြီးလျှင် ဦးခေါင်းကို ခွဲထွက်ကြမည် သာသာည်း။ ထို့ကြောင့် အဟုန်ကို မတားနိုင်ပဲ သွားလျက်နေသော လဗိမာန်နှင့် အတူလိုက်၍ နှောင့်ယှက်နေတတ်သည်ဟု ဆို၏။

## အခြား သိကောင်းစရာများ

၁။ နတ်တို့သည် လူတို့ကဲ့သို့ မျက်တောင်မခတ်ပေ။

၂။ နတ်အားလုံး ပါဠိဘာသာဖြင့် စကား ပြောဆိုကြသည်။

၃။ နတ်တို့သေလျှင် အသုဘအလောင်းကောင် မကျန်ရစ်ပေ။ ဆီမီးတောက် ငြိမ်းသကဲ့သို့ ခန္ဓာကိုယ် ချုပ်ငြိမ်းပျောက်သွားသည်။

၄။ နတ်တို့ကိုယ်သည် အလွန်နူးညံ့သောကြောင့် ပကတိမြေ၌ မတည်နိုင်၊ ပကတိ မြေပေါ်နင်းလျှင် အောက်နစ်ဝင်သည်၊ သို့အတွက် ရှန့်ရင်း ကြမ်းတမ်းသောအတ္တဘောကို ဖန်ဆင်းရသည်။

၅။ နတ်တို့သည် ဇမ္ဗူဒီပါတေဇောအားကြီးပြီး ခန္ဓာကိုယ်နူးညံ့လွန်းသောကြောင့် အစာ စားချိန်မစားပဲ အချိန်လွန်သွားသော် သေဆုံးသည်။

၆။ နတ်တို့သည် လူတို့၏ ကိုယ်နံ့ကို ယူဇနာတရာကပင် နံစေ်သည်ဟု ဆို၏။

၇။ ဘာဝတိံသာ နတ်ပြည် စိတ္တလတာဥယျာဉ်၌ ဒေါသာဝတီ နွယ်နီနတ်ပန်း တို့သည် လူတို့၏ အရေအတွက်အားဖြင့် အနှစ် တထောင်ကြာမှ တခါ ပွင့်ကုန်၏၊ နတ်တို့သည် ပန်းခူး ဆွတ်ပွဲကြီးကျင်းပကာ ပန်းတို့ကို ပန်ဆင်ကြယင်း သီဆိုကခုန် ပျော်မြူးကြကုန်၏။

၈။ နတ်သမီး ဘုန်းကြီးလျှင် နတ်သားနတ်သမီးတို့သည် ခြံရံကြကုန်၍ ကသည်း ကခုန်ကြ၊ သီလည်း သီဆိုကြလေသည်။

၉။ နတ်တို့၏ အရှင်သည် သိကြားမင်းဖြစ်၍ အသုရာနတ်တို့၏ အရှင်သည် ဝေပစိတ္တိ အသုရိန်ဖြစ်၏၊ ဤနတ်မင်းကြီး နှစ်ပါးသည် သားမက်နှင့် ယောက္ခမဖြစ်၏၊ လျောက်ပတ်သော အချိန်အခါ၌ ငြင်းခုန်မှုကို ပြုကြ၏၊ သို့မဟုတ် အတူတူ လှည့်လည် သွားလာကြ၏။

၁၀။ နတ်သား နတ်သမီးတယောက်၏ နတ်ပတ် တန်ဆာများသည် လှည်းအစီး (၆၀)တိုက် ရှိ၏။

၁၁။ နတ်ပြည်၌ နတ်သား အားလုံးတို့သည် အရွယ်ချင်းတူမျှကုန်၏၊ သုံးဂါဝုတ်ပမာဏ ရှိကုန်၏။

၁၂။ နတ်ပြည်၌ တိရစ္ဆာန်မရှိပေ။ ဆောင်းဆင်၊ သိန္ဓောမြင်း စသည်တို့မှာ နတ်သားများသာလျှင် ဖြစ်ကုန်၏၊ နတ်သားများက ဖန်ဆင်းပေးရသည်။

၁၃။ ဝိသာခါ ကျောင်းအမကြီးသည် နိမ္မာနရတိ နတ်ပြည်၌ သုနိမ္မိတ နတ်မင်းကြီး၏ နတ်မိဖုရား ဖြစ်သည်ဟု ဆို၏။

၁၄။ မယ်တော်မာယာသည် တုသိတာနတ်ပြည်၌ သန္တုသိတ နတ်မင်းဖြစ်၏။

၁၅။ အရိမေတ္တေယျ ဘုရား အလောင်းတော်သည် တုသိတာ နတ်ပြည်၌ ရှိ၏။

၁၆။ နတ်ပြည်ခြောက်ထပ်တွင် တုသိတာ နတ်ပြည်သည် မွေ့လျော်ဖွယ် အကောင်းဆုံး ဖြစ်ကြောင်း အဘယ မထေရ်က ဒုဋ္ဌဂါမဏိမင်းကြီး သေခါနီး၌ မိန့်ကြား တော်မူသည်။ ဒုဋ္ဌဂါမဏိ မင်းကြီးသည် တုသိတာ နတ်ပြည်၌ ရှိ၏။

## နတ်ပြည်ရောက် လူသားလေးဦး

ဘုရားလောင်း မန္ဓာတုစကြဝတေးမင်းကြီးသည် တာဝတိံ သာနတ်ပြည်၌ သိကြားမင်း သုံးကျိပ် ခြောက်ယောက် စုတေ ပြောင်းလဲသည့် တိုင်အောင် နတ်စည်းစိမ်ကို ခံစားကာ နေထိုင် တော်မူခဲ့သည်။ လူ့အရေအတွက် အားဖြင့် နှစ်ပေါင်း တရာ နှစ်ဆယ့်ကိုးကုဋေ ခြောက်သန်း ကြာမြင့်လေသည်။

ဘုရားလောင်း သာဓိနမင်းသည် တာဝတိံ နတ်ပြည်၌ နတ်သက် ခုနစ်ရက်၊ လူ့အရေအတွက် အနှစ်ခုနစ်ရာ နေထိုင် တော်မူခဲ့သည်။

ဘုရားလောင်း ဂုတ္တိလ စောင်းသမားနှင့် ဘုရားလောင်း နေမိမင်းတို့သည် တာဝတိံသာ နတ်ပြည်၌ နတ်သက် တမု ဟုတ်အချိန်၊ လူ့အသက် ခုနစ်ရာရက်ကြာ နေထိုင်တော် မူခဲ့ ကြသည်။

## ဒေဝတာနုဿတိ

သဒ္ဓါ သီလ သုတ စာဂ ပညာစသောဂုဏ်တို့နှင့်ပြည့်စုံသော သူတို့သည် ဤလူ့ပြည်မှ စုတေသောအခါ နတ်ပြည်၌ ဖြစ်ကုန်ကြ၍ ငြိမ်းချမ်းစွာ နေထိုင်ကြရလေ၏။ ငါ့မှာလည်း ဤကဲ့သို့သော သဒ္ဓါ သီလစသော ဂုဏ်တို့နှင့် ပြည့်စုံလေပြီဟု နတ်တို့၏ သဒ္ဓါ သီလစသည်တို့ အကျိုးပေးဟန်ကို သက်သေခံထား၍ မိမိ၏ သဒ္ဓါသီလစသော ဂုဏ်တို့ကို ဆင်ခြင် အောက်မေ့ ပီတိဖြင့် ပျော်မွေ့၏။ ဤသို့ ပီတိဖြင့် ပျော်မွေ့ခြင်းကို ဒေဝတာနုဿတိဟု ခေါ်၏၊ အဖန်ဖန်အောက်မေ့ ပွားများထိုက်သော သမထဘာဝနာ တပါးဖြစ်၏။

## နတ်ပြည်ရောက်မည့် ကောင်းမှုရှင်များ

သစ်သီးဥယျာဉ် ပန်းဥယျာဉ် စိုက်ပျိုးသူ၊ တောသစ်ပင်ကို စိုက်ပျိုးသူ၊ တံတားခင်းသူ၊ ရေအိုးစင် တည်ထားသူ၊ ရေတွင်း ရေကန်တူးသူ၊ ကျောင်းလှူသူ၊ စေတီ ပုထိုး တည်သူ စသည်တို့သည် နတ်ပြည်ရောက်မည့် ကောင်းမှုရှင်များ ဖြစ်သည်။

သဂါထာဝဂ္ဂသံယုတ် ဝနရောပသုတ်။

## နတ်ပြည်ရောက်ကြောင်း တရားသုံးပါး

သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါနသန္တိကေ၊

မှန်သော စကားကို ပြောဆိုရာ၏၊ အမျက်မထွက်ရာ၊ တောင်းလာသည်ရှိသော် အနည်းငယ်မျှကို သော်လည်း ပေးလှူရာ၏။ ဤအကြောင်း သုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။

ဓမ္မပဒ ပါဠိတော်။

## နတ်ပြည်ရောက်ကြောင်းကျင့်ဝတ်

မိဘတို့သည် သားသမီးတို့အား ကျေးဇူးများကုန်၏။ အသက်ကို စောင့်ရှောက်ကြကုန်၏။ ကျွေးမွေးကြကုန်၏။ ဤလောကကို ပြကြကုန်၏။ ထိုကြောင့် မိဘတို့သည် သားသမီးတို့၏ ဗြဟ္မာလည်း မည်ကုန်၏။ အိမ်ဦးနတ်လည်း မည်ကုန်၏။ လက်ဦးဆရာလည်း မည်ကုန်၏။ အရပ်ဝေးမှ ယူဆောင်လာသော ပစ္စည်းကို အလှူခံထိုက်သူလည်း မည်ကုန်၏။ အသိအလိမ္မာရှိသူသည် မိဘတို့ကိုရှိခိုး၏။ထမင်းဖြင့်လည်းကောင်း၊ အဖျော်ဖြင့်လည်းကောင်း၊ အဝတ်ဖြင့်လည်းကောင်း၊ အိမ်ရာဖြင့်လည်းကောင်း၊ နံ့သာပျောင်းစသည် လိမ်းထုံပေးခြင်းဖြင့်လည်းကောင်း၊ ရေချိုးပေးခြင်းဖြင့် လည်းကောင်း၊ ခြေဆေးပေးခြင်းဖြင့်လည်းကောင်း ကောင်းစွာပြုစု၏။ ထိုသူကို ဤဘဝ၌ပင် ပညာရှိတို့သည် ချီးမွမ်းကုန်၏။ တမလွန်ဘဝ၌လည်း နတ်ပြည်သို့ရောက်လာ၍ ဝမ်းမြောက်ရလေ၏။

ဣတိဝုတ် ပါဠိတော်။

## နတ်ပြည်ရောက်ကြောင်း အကျင့်သီလများ
### သရဏဂုံ သီလ

၁။ ဘုရားရှင်သာ ကိုးကွယ်ရာ၊ ဆည်းကပ်ပါ၏ ဘုရား။
၂။ တရားတော်သာ၊ ကိုးကွယ်ရာ၊ ဆည်းကပ်ပါ၏ဘုရား။
၃။ သံဃာတော်သာ၊ ကိုးကွယ်ရာ၊ ဆည်းကပ်ပါ၏ဘုရား။

အမှာ။ ။"သရဏဂုံသီလရှိသူ၊ သောတာပန်နှင့်တူ"ဟူသော ပရိဘာသာအရ သောတာပန် သေသောအခါ အပါယ်မလား

သလို သရဏဂုံသီလ ရှိသူလည်း သေသောအခါ အပါယ် မလားပေ၊ နတ်ပြည်သို့ ရောက်လေသည်။

## ငါးပါးသီလ

၁။ သူ့အသက်လဲ၊ မသတ်ပဲ၊ အမြဲရှောင်ကြဉ်မည်။
၂။ သူ့ဥစ္စာလဲ၊ မခိုးပဲ၊ အမြဲရှောင်ကြဉ်မည်။
၃။ ကာမဂုဏ်လဲ၊ မမှားပဲ၊ အမြဲရှောင်ကြဉ်မည်။
၄။ လိမ်ညာ၍လဲ၊ မပြောပဲ၊ အမြဲရှောင်ကြဉ်မည်။
၅။ မူးယစ်ဆေးစွဲ၊ သေရက်လဲ၊ အမြဲရှောင်ကြဉ်မည်။

## ရှစ်ပါးသီလ

၁။ သူ့အသက်လဲ၊ မသတ်ပဲ၊ အမြဲရှောင်ကြဉ်မည်။
၂။ သူ့ဥစ္စာလဲ၊ မခိုးပဲ၊ အမြဲရှောင်ကြဉ်မည်။
၃။ မေထုန်မှုလဲ၊ မပြုပဲ၊ အမြဲရှောင်ကြဉ်မည်။
၄။ လိမ်ညာ၍လဲ၊ မပြောပဲ၊ အမြဲရှောင်ကြဉ်မည်။
၅။ မူးယစ်ဆေးစွဲ၊ သေရက်လဲ၊ အမြဲရှောင်ကြဉ်မည်။
၆။ ညစာနေလွှဲ၊ မစားပဲ၊ အမြဲရှောင်ကြဉ်မည်။
၇။ ကဆိုတီးမှု၊ ကြည့်ရှုရှောင်ခွါ၊ ပန်းနံ့သာလဲ၊မသုံးစွဲ၊ အမြဲရှောင်ကြဉ်မည်။
၈။ မြင့်မြတ်ရာလဲ၊ မနေပဲ၊ အမြဲရှောင်ကြဉ်မည်။

မှတ်ချက်။ ။(၆) နေမွန်းလွှဲသည်မှ စ၍ အရုဏ်တက်သည့်တိုင်အောင်သော အချိန်အခါသည် နေလွှဲသောအခါမည်၏။ (ရှစ်ပါးသီလ စောင့်သူသည် နေလွှဲသောအခါ ထမင်းဟင်း ခဲဖွယ် ဘောဇဉ်တို့ကို မစားရဟူလို။)

(ဂ) မြင့်သောနေရာ။ ။တထောင့်ထွာထက် အခြေမြင့်သော ခုတင်ညောင်စောင်း စသောနေရာမျိုးသည် မြင့်သောနေရာမည်၏။

မြတ်သော နေရာ။ ။လဲ ဝါဂွမ်း သွတ်သော မွေ့ရာ၊ သားမွေးအခင်း၊ ရွှေချည် ငွေချည်ဖြင့် ယက်လုပ်သော ပိုးအခင်း စသော နေရာမျိုးသည် မြတ်သောနေရာ မည်၏။ ။(ရှစ်ပါးသီလ စောင့်ထိန်းသူသည် မြင့်သောနေရာ၊ မြတ်သောနေရာတို့၌ မနေရဟူလို။)

## ဆယ်ပါးသီလ

(နံပါတ်တစ်မှ ခြောက်အထိ၊ ရှစ်ပါးသီလနှင့် တူပြီး နံပါတ်ခုနစ်မှစ၍အောက်ပါအတိုင်း ရွက်ဆိုဆောက်တည်ပါ။)

၇။ ကဆိုတီးလဲ၊ မကြည့်ပဲ၊ အမြဲရှောင်ကြဉ်မည်။

၈။ ပန်းနံ့သာလဲ၊ မသုံးစွဲ၊ အမြဲရှောင်ကြဉ်မည်။

၉။ မြင့်မြတ်ရာလဲ၊ မနေပဲ၊ အမြဲရှောင်ကြဉ်မည်။

၁၀။ ရွှေငွေကိုလဲ၊ မကိုင်ပဲ၊ အမြဲရှောင်ကြဉ်မည်။

## ငါးပါးသီလ စောင့်ထိန်းခြင်း၏ အကျိုးငါးပါး

(အကျဉ်းချုပ် ကဗျာ)

၁။ သီလငါးဖြာ စောင့်ထိန်းပါက၊ စီးပွားဥစ္စာ ရနိုင်တယ်။

၂။ ပန်းရနံ့ဆိုင် ထုံလှိုင်သင်း၍ဂုဏ်သတင်းလဲ မွှေးကြိုင်တယ်။

၃။ ပရိသတ်လယ် ရဲရင့်စွာဖြင့်၊ မျက်နှာပြလဲ လှပေတယ်။

၄။ သေသောအခါ အိပ်ပျော်ရှာသို့၊ ညင်သာသာနဲ့ သေရတယ်။

၅။ သေပြီးသည်မှ နောက်ကာလ၌ ဒေဝလောက ရောက်ရတယ်။

(ဒေဝလောက-ဆိုသည်မှာ နတ်ပြည်ကို ဆိုသည်၊ သေသောအခါ၌ အိပ်ပျော်သွားရှာသလို ညင်ညင်သာသာနဲ့ သေရခြင်းမျိုးကို 'မတွေမဝေ' သေခြင်းဟူ၍ ခေါ်သည်။)

## ငါးပါးသီလကို ကျူးလွန်ခြင်း၏ အပြစ်ငါးပါး (အကျဉ်းချုပ် ကဗျာ)

၁။ သီလငါးဖြာ လွန်ကျူးပါက၊စီးပွားဥစ္စာ ပျက်ပြားတယ်။
၂။ အပုပ်နံ့လို နံစော်ခြင်းဖြင့်၊ မကောင်းသတင်း ပျံ့နှံ့တယ်။
၃။ ပရိသတ်လယ် ကြောက်ရွံ့ကာဖြင့်၊မျက်နှာမလှ ဖြစ်ရတယ်။
၄။ သေခါနီးမှာ အပါယ်ဘေးကြောင့် အော်ဟစ်မြည်ကြွေး သေရတယ်။
၅။ သေပြီးတဲ့ခါ၊ တကယ်ပဲပ၊ အပါယ်ငရဲ ရောက်ရတယ်။

**အမှာ။** ။လူ့ဝတ်ကြောင်တို့မှာ လူ့ဘဝကို ရသည်နှင့် တပြိုင်နက် ငါးပါးသီလကို ဆောက်တည်သည် ဖြစ်စေ၊ မဆောက်တည်သည် ဖြစ်စေ အမြဲစောင့်ထိန်းရ၏။ စောင့်ထိန်းလျှင် အကျိုးရှိ၏။ မစောင့်ထိန်းလျှင် အပြစ်ရှိ၏။ ရှစ်ပါးသီလနှင့် ဆယ်ပါးသီလကိုမူ ဆောက်တည်၍ ကျင့်သုံးရ၏။ စောင့်ထိန်းလျှင် အကျိုးရှိ၍ မစောင့်ထိန်းလျှင် အပြစ်မရှိပေ။

(သေခါနီးဝယ် အပါယ်အာရုဏ် နိမိတ်တွေ ထင်လာသော အခါ "တားမြစ်ပေးကြပါ ဖယ်ရှားပေးကြပါ" အစရှိသည် ဖြင့် အော်ဟစ်ယောင်ယမ်း မြည်တမ်းဟစ်ကြွေးလျက် သေရ ခြင်းမျိုးကို "တွေတွေဝေဝေ"သေခြင်းဟု ခေါ်သည်။)

မှတ်ချက်။ ။"သီလဝတော ကိံ နာမကမ္မံ န သမိဇ္ဈတိ" သီလရှိသောသူအား ဘယ်အရာမဆို အောင်မြင်ပြီးစီးသော ကြောင့် မိမိနေချင်ရာ နတ်ပြည်၌ နေရလေအောင် အဆိုပါ သီလတော်မြတ်တို့ကို မိမိ၏ ကိုယ်တွင်းသဏ္ဍာန်၌ ပွတ်သစ်စ ခရုသင်းပမာ ကောင်းစွာ ဖြူစင်စေရာသတည်း။

## မင်္ဂလသုတ်ကဗျာ

(မင်္ဂလာတရားတော်သည် လောကီ လောကုတ္တရာ လွန်စွာ အကျိုးများ၍ မရေမတွက်နိုင်သော နတ်အပေါင်းကို အရိယာ သူတော်ကောင်းဘဝသို့ ရောက်စေသောကြောင့် ထည့်လိုက် ပါသည်။)

### ဧဝံ မေ သုတံ

၁။ ဓူတင်ဆောင်ရာ သာလွန်ပါတဲ့ အရှင်မဟာကဿပ ထေရ်သံဃာ၊ တပည့်တော် အာနန္ဒာ မြတ်ဘုရားဘဂဝါမှ ကြား နာရတာ ဤသို့ပါ။ သာဝတ်ပြည်မွန် ဇေတဝန်၌ သန်းခေါင် အချိန်ယံတခုမှာ၊ ဘုရားမြတ်စွာ ထံတော်မှောက်သို့ နတ်သား တယောက် ချဉ်းကပ်လာ၊ အဆင်းလှစွာ ကိုယ်ရောင်ဝါကြောင့် ကျောင်းတော်ကြီးမှာ ထိန်လင်းဖြာ၊ သင့်တော်နေရာ ရပ်တည် ပြီးလျက် ရှိခိုးလျှောက်ထားပြုသည်မှာ၊

## ဗဟုဒေဝါ

၂။ ဘုန်းတော်ခြောက်ဆူ အောင်လံထူသည့် သုံးလူဆရာ စောမြတ်စွာ၊ နတ်လူများစွာ မင်္ဂလာတရားကို ကြံစည်သော်ငြား မသိပါ၊ ကြီးမားချမ်းသာ ရရှိရေးကို အမြန်မနှေး လို ချင်တာ၊ မြတ်မင်္ဂလာ ထိုတရားကို ရှင်တော်ဘုရား ဟော ကြားပါ။

## အသေဝနာစ

၃။ မင်္ဂလာကို သိလိုလျှောက်ဆား အို-နတ်သား၊ သူမိုက် ဆိုလျှင် ရှောင်ခွါကြဉ်၍ ပညာရှိမှ ပေါင်းကြလေ။ ပူဇော် ထိုက်သူ ပုဂ္ဂိုလ်များကို ရိုသေလေးစား ပူဇော်လေ၊ အဲဒီသုံး ဖြာ မင်္ဂလာဟု စိတ်မှာစွဲမြဲ မှတ်ယူလေ။

## ပဋိရူပ

၄။ သင့်တော်လျောရာ ရပ်ဒေသ၌ နေထိုင်လေကြ မြဲတစေ၊ ရှေးသပမှာ ပြုခဲ့ဖူးတဲ့ ကောင်းမှုအထူး ရှိပစေ၊ အကျင့်သိက္ခာ မပျက်ပြားအောင် ကိုယ်စိတ်နှစ်ပါး စောင့်ရှောက်နေ။ အဲဒီ သုံးဖြာ မင်္ဂလာဟု စိတ်မှာစွဲမြဲ မှတ်ယူလေ။

## ဗာဟုသစ္စဉ္စ

၅။ အသိပညာ များဖို့ရာနဲ့ အတတ်ပညာရှိကြစေ၊ ကျင့် ဝိနည်းကို သင်ယူထား၍ ကောင်းစွာစကား ပြောတတ်စေ။ အဲဒီလေးဖြာ မင်္ဂလာဟု စိတ်မှာ စွဲမြဲမှတ်ယူလေ။

## မာတာပိတု

၆။ အမေ အဖေ ကျွေးမွေးတားရဲ့ သားမယားကို ချီးမြှောက်လေ့။လုပ်ငန်းတော့ဆောင်ရွက်ခြင်း၌ အပြစ်ကင်းအောင် ပြုလုပ်လေ၊ အဲဒီသုံးဖြာ မင်္ဂလာဟု စိတ်မှာစွဲပြဲ မှတ်ယူလေ။

## ဒါနဉ္စ

၇။ လှူဒါန်းပေးဝေ စွန့်ကြဲကာဖြင့် ဆယ်ဖြာ-သုစရိုက် ကျင့်သုံးလေ၊ ဆွေမျိုးဉာတကာ ထောက်ပံ့ရှုလျက် ပြစ်မဲ့အမှု ပြုကြလေ၊ အဲဒီလေးဖြာ မင်္ဂလာဟု စိတ်မှာစွဲမြဲ မှတ်ယူလေ။

## အာရတီ ဝိရတီ

၈။ ယုတ်မာမှုတွေ ဟူသမျှမှ စိတ်ကဝေးစွာ ရှောင်ကြဉ်လေ၊ ကိုယ်ရောနှုတ်ပါ မလွန်ကျူးပဲ အထူးသဖြင့် ရှောင်ကြဉ်လေ၊ သေအရက်ကို မသောက်စားပဲ ကုသိုလ်တရား မမေ့စေ၊ အဲဒီလေးဖြာ မင်္ဂလာဟု စိတ်မှာစွဲမြဲ မှတ်ယူလေ။

## ဂါရဝေါစ

၉။ ရိုသေထိုက်သူ ရိုသေကြ၍ မာန်မာနကို နှိမ်ချလေ၊ ရောင့်ရဲလွယ်ကာ ရှိဖို့ရာနဲ့ သူ့ကျေးဇူးပါ သိတတ်စေ၊ သင့်တော်လေရာ အခါများ၌ သူတော်ကောင်းတရား နာကြားလေ၊ အဲဒီငါးဖြာ မင်္ဂလာဟု စိတ်မှာစွဲမြဲ မှတ်ယူလေ။

## ခန္တီစ

၁၀။ စိတ်ချုပ်ထိန်းကာ သည်းခံကြ၍ ဆိုဆုံးမလျှင် နာလွယ်စေ၊ ရဟန်းသူမွန် ဟူသမျှကို မကြာခဏ ဖူးမြင်လေ၊

သင့်တော်လေရာ အခါများ၌ တရားစကား ဆွေးနွေးလေ၊ အဲဒီလေးဖြာ မင်္ဂလာဟု စိတ်မှာစွဲမြဲမှတ်ယူလေ။

## တပေါစ

၁၁။ ခြိုးခြံကျင့်ကို ကျင့်သုံးကြ၍ မေထုန်မှုမှ ရှောင်ကြဉ်လေ၊ လေးထွေသစ္စာ သိမြင်ရောက်လျက် နိဗ္ဗာန်မျက်မှောက် ပြုကြလေ၊ အဲဒီလေးဖြာ မင်္ဂလာဟု စိတ်မှာ စွဲမြဲမှတ်ယူလေ။

## ဖုဋ္ဌဿ

၁၂။ လောကဝဋ္ဋ်စုံ တွေ့ကြုံပါတဲ့ ရဟန္တာမြတ် စိတ်တော်နေ၊ မတုန်လှုပ်ပေ တည်ငြိမ်လှ၍ စိုးရိမ်ကြောင့်ကြ မရှိလေ၊ ကိလေသာမှု ကင်းစင်ပလျက် ဘေးရန်ငြိမ်းလှ အေးမြပေ၊ အဲဒီလေးဖြာ မင်္ဂလာဟု စိတ်မှာစွဲမြဲမှတ်ယူလေ။

## တောဒိသာနိ

၁၃။ သုံးဆဲ့ရှစ်ဖြာ မင်္ဂလာတရားကို လက်ကိုင်ထား၍ ကျင့်သူတွေ၊ နေရာတကာ ဟူသမျှ၌ ရန်သူတို့က မအောင်ပေ၊ ကြီးပွားချမ်းသာ ရကုန်ကြ၍ ဘဝတိုင်းမှာ ကောင်းကျိုးဝေ၊ နတ်ရောလူပါ ကျင့်သုံးရတဲ့ အမြတ်ဆုံးပ မင်္ဂလာတွေ။

မင်္ဂလာသုတ်ကဗျာ ပြီး၏။

# နိဂုံး

နတ်ပြည် ခြောက်ထပ်၌ သောတာပန်၊ သကဒါဂါမိ၊ အရိယာ နတ်များနှင့် ပုထုဇဉ်နတ်များ နေထိုင်ကြကုန်၏၊ အရိယာနတ်သား နတ်သမီးတို့မှာ အပါယ်တံခါး ပိတ်ကြပြီး ဖြစ်၍ နတ်စည်းစိမ် ချမ်းသာကို အမြဲတမ်း ခံစားနေနိုင်ကြ သော်လည်း ပုထုဇဉ် နတ်သား နတ်သမီးတို့မှာ အပါယ်တံခါး မပိတ်နိုင်ကြသေး၍ နတ်စည်းစိမ်ချမ်းသာကို အမြဲတမ်း မခံစား နိုင်ပေ၊ ကုသိုလ်ကံအဟုန် ကုန်သောအခါ လူ့ဘုံ၊ အပါယ် လေးဘုံသို့ ပြန်ဆင်းကြရကုန်၏။

သို့ဖြစ်၍ ဘုရားပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက ဆုကြီးပန်များ မဟုတ်ပဲ ပကတိသာဝက ဆုပန်သူများဖြစ်ပါက ယခုဘဝ ဤသာသနာတော် အတွင်း၌ပင်လျှင် မဂ်ပေါက်၊ ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ကြိုးစားအားထုတ်ကြကုန် ရာ၏။

လူ့ပြည်မှာ ကျွတ်တမ်းမဝင်လို၊ နတ်ပြည်ရောက်မှ ဘုရား လက်ထက်တော်က အရိယာနတ်များနှင့် တွေ့ဆုံပြီး မဂ်ဖိုလ်

ရအောင် အားထုတ်မည်ဟု ကြံရွယ်ထားသူတို့မှာ ငါးပါးသီလကို လုံခြုံစေ၍ ဥပုသ်သီလကို မကျိုးမပေါက်အောင် စောင့်ထိန်းလျက် တရားဘာဝနာတို့ကို ပွားများ အားထုတ်ရာ၏၊ သို့မှသာလျှင် နတ်ပြည်ရောက်တဲ့အခါ အထုံဝါသနာပါပြီး အရိယာနတ်များနှင့် အပေါင်းအသင်း ပြုလုပ်နိုင်ရာ၏။

နိဗ္ဗာန်ကို မလိုချင်သေး၊ တောထဲမှာပဲ ပျော်ပျော်ရွှင်ရွှင် နေချင်သူတို့အဖို့မှာမူ နောင်လာမည့် ခေတ်များသည် ဆုတ်ကပ်ဖြစ်သည်အားလျော်စွာ လူ့ပြည်လောက၌ တရားလက်လွှတ် နေထိုင်သူတို့ များကြမည် ဖြစ်သောကြောင့် (၁၀) နှစ်တမ်း တိုင်အောင်သော ထိုဆုတ်ကပ်ခေတ်များမှ လွတ်မြောက်အောင် နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှုများကို ကြိုးစား ပြုလုပ်နိုင်ကြလိမ့်မည်ဟု ယူဆရပေသည်။

မဟာစရိယ-ဦးစိုးဝင်း